မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၆)၊ အမှတ်(၁၈၀)

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်။

နယ်စပ်နှင့် အတွင်းပိုင်းဒေသများအကြား ကွာဟချက်လျော့နည်းအောင် ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့ ဖွံ့ဖြိုးမှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ တိုင်းရင်းသားများအကြား ယုံကြည်မှုရှိလာ တည်ငြိမ်အေးချမ်းမှုလည်း ပိုမိုရရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်

နိုင်ငံတော်၏စေတနာကို သဘောပေါက်သဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့ နိုင်ငံတော်အစိုးရနှင့်လက်တွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကျောဖုံးသို့

အမှာစကားပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည် ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ် ၂၉ ရက်)

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား အစဉ်သယ်ပိုး ထမ်းရွက်နေသည့် တပ်မတော်

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ကျူးကျော်စစ်များဆင်နွှဲပြီး မတရားသိမ်းပိုက် ကျွန်ပြုခဲ့သည်။ နိုင်ငံကို ကြာရှည်စွာဖိနှိပ်နိုင်ရေးအတွက် တိုင်းရင်းသားပြည်သူများအကြား သွေးခွဲအုပ်ချုပ်ခဲ့သည်။ နယ်ချဲ့တို့၏စနက်ကြောင့် လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထို့ကြောင့် တပ်မတော်သည် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်အသွယ်သွယ်ကို ဖယ်ရှားရှင်းလင်းခဲ့ရသည်။

၂၀၀၇ ခုနှစ် မတ်လ ၂၇ ရက်နေ့က နေပြည်တော် စစ်ရေးပြကွင်းကြီး၌ ကျင်းပသော (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင်-

"သမိုင်းပေးသင်ခန်းစာအရ ဒို့နိုင်ငံအပေါ် လွှမ်းမိုးခြယ်လှယ်လိုတဲ့ အင်အားကြီးနိုင်ငံ မှန်သမျှဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲအောင်နဲ့ တပ်မတော် အင်အားချည့်နဲ့အောင်ဆိုတဲ့ အချက်နှစ်ချက်ကိုသာအခြေခံပြီး ပုံစံအမျိုးမျိုးနဲ့ လုပ်ဆောင်လာကြဦးမှာပဲဆိုတာ မလွဲကေန်ဖြစ်တယ်။

တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖြိုခွဲတယ်ဆိုရာမှာ ပြည်သူလူထုအတွင်း တိုင်းရင်းသား လူမျိုးစုအချင်းချင်းသာမက လူမျိုးစုတစ်စုတည်း အတွင်းမှာပင်လျှင် ဘာသာရေးအရ၊ ဝါဒရေးအရ၊ လူတန်းစားအလွှာအရ စသည်ဖြင့် အမျိုးမျိုးသောသွေးထိုးမှုတွေကိုလဲ လုပ်ဆောင်မှာဖြစ်တယ်။ အလားတူပဲ တပ်မတော်ဆိုတဲ့ လက်နက်ကိုင်အဖွဲ့အစည်းကိုဖြိုခွဲသလို အခြားသောဝန်ထမ်းအဖွဲ့အစည်းတွေကိုလဲဖြိုခွဲမှာဖြစ်တယ်။ ဒါကြောင့် ဒို့နိုင်ငံရဲ့ အဓိကလိုအပ်ချက်ဟာ သွေးစည်းညီညွတ်ရေးဖြစ်တယ်။ သွေးစည်းညီညွတ်ရေးအတွက် မဏ္ဍိုင်ပြုရမယ့် အမျိုးသားရေးမူဝါဒကတော့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်တယ်"

ဟူ၍ မြွက်ကြားသွားခဲ့သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်ထားသကဲ့သို့ ထိပါးလာသည့် အန္တရာယ်မှန်သမျှကို ရင်ဆိုင်တိုက်ထုတ်နိုင်ခဲ့သည်။ တပ်မတော်နှင့် ပြည်သူ ပူးပေါင်းလက်တွဲ ပြည်တွင်း၊ ပြည်ပအန္တရာယ်မှန်သမျှကို တွန်းလှန်ကာကွယ်နိုင်ခဲ့သည်။ တပ်မတော်သားများသည် ပြည်သူ့ကြားက ပေါက်ဖွားလာသည့် ရင်နှစ်သည်းချာများ ဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးစီးပွားကို တစ်တပ်တစ်အား ဖော်ဆောင်ပေးလျက်ရှိသည်။

ယခုအခါ တပ်မတော်သည် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို တိုင်းရင်းသား ပြည်သူတို့နှင့်အတူ လက်တွဲအကောင်အထည်ဖော်လျက်ရှိရာ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများ ချမှတ်ခြင်းလုပ်ငန်း အပြီးသတ်အပိုင်းကို ရောက်ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားကို အစဉ်သယ်ပိုးထမ်းရွက်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အီရန်၏နျူကလီးယား ပြဿနာငြိမ်းချမ်းစွာ ဖြေရှင်းသင့် တရုတ်နှင့်ရုရှားခေါင်းဆောင်များ ပြောကြား

မော်စကို မတ် ၂၈

အီရန်၏နျူကလီးယား ပြဿနာနှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဖြေရှင်းရေးအတွက် တရုတ်နှင့်ရုရှား နှစ်နိုင်ငံခေါင်းဆောင်များက မော်စကိုမြို့တွင် မတ် ၂၆ ရက်၌ ဆွေးနွေး သဘောတူညီခဲ့ကြသည်။

အီရန်၏ နျူကလီးယားပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးအတွက် အီရန်နိုင်ငံအား တွန်းအားပေးရန်နှင့် ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရေးအတွက် မိမိတို့ကြိုးစားသွားမည်ဟု တရုတ်သမ္မတ ဟူကျင်တောင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့က ပြောကြားလိုက်သည်။

တိုက်တွန်း

ထို့အပြင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အိုင်အေအီးအေနှင့် ပူးတွဲလုပ်ဆောင်ရန်လည်း အီရန်နိုင်ငံအား တိုက်တွန်းကြမည်ဟု ပူးတွဲကြေညာချက် တစ်ရပ်၌ ဖော်ပြသည်။

စွပ်စွဲ

မိမိတို့အနေဖြင့် အီရန်နိုင်ငံသည် နျူကလီးယားကို ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် အခွင့်အရေး ရှိသည်ဟု ယုံကြည်ကြောင်းလည်း ၎င်းတို့က ပြောကြားသည်။ အီရန်နိုင်ငံသည် နျူကလီးယားဗုံး ထုတ်လုပ်ရန် ကြိုးစားနေသည်ဟု အမေရိကန်နှင့် ဥရောပနိုင်ငံအချို့က စွပ်စွဲထားသည်။

အမ်အင်န်အေ၊ရိုက်တာ

ဒီအင်န်အေ ဓာတ်ခွဲခန်းသစ် အင်ဒိုနီးရှား ရဲတပ်ဖွဲ့ဖွင့်လှစ်

ဂျကာတာ မတ် ၂၈

ဩစတြေးလျ ရဲတပ်ဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ဒီအင်န်အေ ဓာတ်ခွဲစမ်းသပ်ခန်းတစ်ခုကို အင်ဒိုနီးရှားရဲတပ်ဖွဲ့က မတ်၂၆ ရက်၌ ဖွင့်လှစ်လိုက်သည်။

အဆိုပါ ဒီအင်န်အေဓာတ်ခွဲခန်းသည် ဩစတြေးလျဒေါ်လာ နှစ်သန်းတန်ဖိုးရှိပြီး ၎င်းနိုင်ငံက ထောက်ပံ့ခဲ့ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ရဲချုပ် ဆူတာနို၏ ပြောကြားချက်ကို ဒီတက်ကွန်းသတင်း ဝက်ဘ်ဆိုက်က ကိုးကားထုတ်လွှင့်သည်။

ယင်းဓာတ်ခွဲခန်းသည် ဂျကာတာ အရှေ့ပိုင်း၌ တည်ရှိပြီး တစ်နိုင်ငံလုံးမှ မှုခင်းသတင်းအချက်အလက်များ ကိုယ်စား ဓာတ်ခွဲခန်းက ဒီအင်န်အေစစ်ဆေးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မူးယစ်ဆေးဝါး၊ မှောင်ခိုမှုနှင့် အကြမ်းဖက်မှုများကဲ့သို့သော ရာဇဝတ်မှုခင်းမှတ်တမ်းများ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှား ရဲတပ်ဖွဲ့ဝင်များသည် အကြမ်းဖက်သူ ရာဇဝတ်မှုခင်းများ၏ သံသယရှိသူများထံမှ ဒီအင်န်အေ နမူနာများရယူလျက် မှုခင်းမှန်များ စုံစမ်းဖော်ထုတ်သွားမည်ဟု သိရသည်။

အမ်အင်န်အေ၊ရိုက်တာ



ကမ္ဘာ့အသေးငယ်ဆုံး ရုပ်သံဖမ်းစက်

ကမ္ဘာ့အသေးငယ်ဆုံး ရုပ်မြင်သံကြား ဖမ်းစက်ကို တွေ့ရစဉ်။ (ဝဲပုံ)

ဂျပန်နိုင်ငံ ရုပ်ကုမ္ပဏီမှ ထုတ်လုပ်လိုက်သော ရုပ်မြင်သံကြား ဖမ်းစက်လေးတစ်ခုမှာ အလျား ၁၀ မီလီမီတာ၊ အနံ ၁၀ မီလီမီတာနှင့် အမြင့် ၁ဒသမ၆ မီလီမီတာတို့သာရှိရာ ကမ္ဘာ့ အသေးငယ်ဆုံး ရုပ်မြင်သံကြားဖမ်းစက် တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့ အကြီးဆုံး ဖန်ခွက်

ကမ္ဘာ့အကြီးဆုံး ဖန်ခွက်တစ်လုံးကို တွေ့ရစဉ်။ (ယာပုံ)

အဆိုပါ ဖန်ခွက်ကြီးကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဖန်ထည်ပစ္စည်းများ ပြပွဲ၌ ပြသထားခြင်းဖြစ်ပြီး အမြင့် ၄၂ လက်မ၊ အကျယ် လက်မ ၂၀ နှင့် အလေးချိန် ၃၅ ပေါင်ရှိသည်။ ၎င်းဖန်ခွက်ကို ထူးခြားသော ဒီဇိုင်းဖြင့်ပြုလုပ်ထားရာ ငါးနှစ်အရွယ် ကလေးငယ်တစ်ဦး၏ အရွယ်အစားမျှရှိကြောင်း သိရသည်။ **(အင်တာနက်)**

မြဝတီရုပ်မြင်သံကြား

၂၉-၃-၂၀၀၇

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ဟာဒယရွှင်လန်းအငြိမ့်ခန်း
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၃၀ ၁၄။ လျှပ်တစ်ပြက်
၆:၃၅ ၁၅။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ** (အပိုင်း-၁)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရွှေမင်းသမီး** (ဒုတိယတွဲ) (အပိုင်း-၃၂)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong အား နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်မြင့်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongနှင့် အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Guan Muတို့ တက်ရောက်ကြသည်။

လှူဒါန်းလို

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးကြပြီး ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongက ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ယွမ် ၄ ဒသမ ၇၅ သန်း လှူဒါန်းလိုပါကြောင်း ပြောကြားသည်။

အမှတ်တရလက်ဆောင်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဧည့်သည်တော် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrongတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် တပ်မတော်နေ့အထိမ်းအမှတ်စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၂၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၂) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှအောင်သိန်း၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကား ပြောကြားပြီး တိုင်းစစ်ဌာနချုပ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲတွင် အရာရှိအဆင့် ပထမဆုရ ဗိုလ်ဒေါ်ဆွေနွယ်ဝင်း၊ အရာခံအဆင့် ပထမဆုရ ဒုတိယအရာခံဗိုလ်စိုးမြင့်၊ အကြပ်အဆင့်ပထမဆုရ ဒုတိယတပ်ကြပ် မောင်မျိုးနှင့် တပ်သားအဆင့် ပထမဆုရ တပ်သားချစ်ဦးတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေ ကျပ်တစ်သိန်းစီတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ဆုရသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်၌ ဆက်လက်ပြသ

ရန်ကုန် မတ် ၂၈

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်း ပြတိုက်၌ဆက်လက်ပြသရာ ရဟန်းရှင်လူ၊ပြည်သူများ၊ ကျောင်းသားကျောင်းသူများစုစုပေါင်း ၁၀၅၀ ဦးလာရောက်ကြည့်ရှု လေ့လာကြသည်။

ပြသထား

(၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပြခန်း၌ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်၊ တပ်မတော်အား ၁၀ ပါး၊ အလောင်းမင်းတရားကြီး၏စစ်ချီ ခရီးလမ်းကြောင်းပြမြေပုံ၊ တပ်မတော် အစဉ်အလာ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ယုဇန ကုမ္ပဏီလီမိတက်၏ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းရှင်းလင်းဆောင်၌ ဆီအုန်းပင်ကို အမှတ်တရ ချီးမြှင့်စိုက်ပျိုးနေပုံ ဓာတ်ပုံ၊ ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းမှ ချီတက်ဝင်ရောက်လာပုံပြကွက်၊ မြိတ်မြို့ဝန် ဦးမြတ်လေး၏ မြိတ်တိုက်ပွဲပြကွက်၊ နိုင်ငံတော်အကြီးအကဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်၊ ကမ်းရိုးတန်း တိုင်းစစ်ဌာနချုပ် သမိုင်းအကျဉ်း၊နိုင်ငံအဝန်း သစ်တောစွမ်းအားဖြင့် စိမ်းလန်းစေရမည် ပြကွက်၊ တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုး ဖြစ်ရမည်ပြကွက်၊ တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပုလဲထွက်ရာဒေသဖြစ်သည် ပြကွက် အပါအဝင် ဓာတ်ပုံပြကွက်များကို ပြည်သူများ ဗဟုသုတရရှိစေရန် ပြသထားသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်ပြခန်းတွင် ရွှေတိဂုံဝန်းကျင်ပြကွက်၊ မြန်မာ့ထွတ်စံ ဗုဒ္ဓညီလာခံ ပြကွက်၊ နယ်ချဲ့တွန်းလှန် မျိုးချစ်အားမာန်ပြကွက်၊ နိုင်ငံချစ်လျှင် လွတ်လပ်ရေးခုံမင်ပြကွက်၊ ပြည့်ကျိုးထင်ဟပ်ဦးတည်ချက် တစ်ဆယ်နှစ်ရပ် ပြကွက်၊ လေးရပ်တာဝန်တပ်ကျေပွန် ပြကွက်၊ ချစ်ကြည်သွေးစည်းနိုင်ငံတော် ရှေ့ခရီးပြကွက်၊ ငါးရပ်ဖွံ့ဖြိုးကျေးလက်ဒေသအကျိုး၊အောင်ပွဲဆင့်လိုင်းရန်ကုန်တိုင်းပြကွက်၊ ဖွံ့ဖြိုးတိုးတက်မှုစုံ မြို့ ရန်ကုန် စသည့် ပြကွင်းပြကွက်များကို ပြသထားသည်။

အဆိုပါ ပြပွဲကို ဧပြီ ၄ ရက် အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အတွင်း ပြသထားမည်ဖြစ်ရာ ပြည်သူများအခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

ကံထူးဓမ္မရိပ်သာ တရားပွဲ

ရန်ကုန် မတ် ၂၈

ပဲခူးမြို့ ကံထူးဓမ္မရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာဉာဏ်ရောက်သစ္စာဆိုက် အောင် မဟာဂန္ထဝါစကပဏ္ဍိတ သံဃမဟာနာယကဆရာတော် ဦးဝါယမ၊ ဆရာတော်ဦးပညာဒီပ၊ ဆရာတော် ဦးဓမ္မနန္ဒ၊ ဆရာတော် ဦးနန္ဒသာရ (မောရွှေလီ)တို့က ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက် ကဆုန်လဆန်း ၂ရက် ဧပြီ ၆ရက်မှ ၁၈ရက် အထိ ဟောကြားပြသမည်ဖြစ်ရာ ယောဂီများအား အသိပေးနှိုးဆော် ထားသည်။ **(က-ပ)**

နေပြည်တော်ရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင် ပြည်သူများကြည့်ရှုလေ့လာအပန်းဖြေအနားယူ

နေပြည်တော် မတ် ၂၈

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား ကျင်းပသည့် နေပြည်တော်စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံနှင့်ရင်ပြင်ကိုအများပြည်သူများ လေ့လာကြည့်ရှု အပန်းဖြေနိုင်ရန် ယနေ့နံနက် ၇ နာရီမှ ည ၉ နာရီထိ ဆက်လက်ဖွင့်လှစ်ထားရှိရာ နေပြည်တော်ရှိ အစိုးရဝန်ကြီးဌာနရုံးများမှ ဝန်ထမ်းများ၊ ပျဉ်းမနား တပ်နယ်အတွင်းရှိတပ်ရင်း တပ်ဖွဲ့များမှ မိသားစုများ၊ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှု လေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

တပ်မတော်ပန်းခြံနှင့် ရင်ပြင်၌ ရောင်စုံပန်းအလှပင်များ၊ရောင်စုံမီးဆိုင်းများ၊ ရေပန်းများကို လာရောက်ကြည့်ရှုလေ့လာကြသော ပြည်သူများ မျက်စိပသာဒနှင့် အမြင်အာရုံသစ်ဆန်းစေရန် လှပဝေဆာစွာ ထွန်းညှိစိုက်ပျိုးထားရှိရာ ပြည်သူများသည် စိတ်လက်ချမ်းသာစွာ အနားယူ အပန်းဖြေလျက်ရှိကြသည်။

ပြေးဆွဲပေး

ထို့ပြင်တပ်မတော်ပန်းခြံနှင့်ရင်ပြင်သို့ နေပြည်တော် အနီးဝန်းကျင်ရှိ ပြည်သူများ သွားလာမှုလွယ်ကူ အဆင်ပြေစေရန် မော်တော်ယာဉ်လိုင်းများလည်း ပြေးဆွဲပေးလျက်ရှိသည်။

ဖွင့်လှစ်ထား

အဆိုပါ ပန်းခြံနှင့် ရင်ပြင်ကို မတ် ၃၁ ရက်ထိ နေ့စဉ်နံနက် ၇ နာရီမှ ည ၉ နာရီထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၃-၂၀၀၇ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ ရင်ထဲက အရဟံတရားတော် အရှင်ရာဇိန္ဒ(ရဝေနွယ်-အင်းမ) (အပိုင်း-၁)
၈း၀၅ ဝက်သက်ရောဂါ ကာကွယ်နှိမ်နင်းရေး စုစည်းမဟာဗျူဟာများ အကောင်အထည်ဖော်ခြင်း စီမံချက် (၂၀၀၇)
၈း၂၅ တေးဂီတအစီအစဉ်
၈း၃၀ ပြည်တွင်းအနုပညာရေးရာ
၉း၀၅ တေးဂီတအစီအစဉ်
၉း၁၀ မြတ်သောအလှူ
၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၀ အဏုဇီဝတွင်းထွက်ရတနာ
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ ယနေ့သိပ္ပံနှင့်နည်းပညာ
၁၀း၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ နည်းပညာသစ်ဆန်း MSP အစွမ်း
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ သွားမယ်စားမယ် (J.BON Food & Drink)
၁၁း၀၅ မိုးလေဝသခန့်မှန်းချက်
၁၁း၁၀ မြစ်သာတံတား
၁၁း၂၀ တေးဂီတအစီအစဉ်
၁၁း၂၅ နိုင်ငံတကာစံချိန်မီ လက်ကိုင်အိတ်နှင့် ဖိနပ်လေးများ
၁၁း၄၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ RV Mahaythi အပျော်စီးရေယာဉ်၏ (ရန်ကုန်-တွံတေးခရီးစဉ်)
၁၂း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၅ မြူတိမ်ကင်းသောနေ့ (အကယ်ဒမီ ထွန်းထွန်းဝင်း၊ မင်းထက်ကျော်ဇင်၊ စိုးမိုးကြည်၊ ပုလဲဝင်း)
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ် မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရင်း နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု၏ အေးချမ်းမှုအရိပ်ကို ထူထောင်ပေးနိုင်ရန် ကြိုးပမ်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

အစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ဖိဖိစီးစီးဆောင်ရွက်ပေး

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဖွင့်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရန်အတွက် မိမိကိုယ်တိုင် ဦးစီးဦးဆောင်သော ဗဟိုကော်မတီဖြင့် ဖိဖိစီးစီး လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ခံစားခဲ့ရ

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုး ၁၀၀ ကျော် စုဝေးနေထိုင်ရာ နိုင်ငံဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ကိုလိုနီနယ်ချဲ့စနစ်၏ ကျွန်ဘဝသို့ နှစ်ပေါင်း ၁၀၀ ကျော် ကျရောက်ခဲ့ရပြီး ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ သွေးခွဲအုပ်ချုပ်မှုဒဏ်ကို ခံစားခဲ့ကြရသဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်မှုပျက်ပြားကာ အချင်းချင်းသွေးကွဲခဲ့ရကြောင်း။

ရင်ဆိုင်ကြုံတွေ့

ကိုလိုနီကျွန်ဘဝမှ တိုင်းပြည် ပြန်လည် လွတ်လပ်လာသည့်အခါ၌ လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်သာယာရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးနိုင်ခြင်း မရှိတော့ဘဲ တိုင်းပြည်၌ သွေးချောင်းစီးပြီး မီးဟုန်းဟုန်းတောက်ခဲ့မှုများကိုသာ ရင်ဆိုင်ကြုံတွေ့ခဲ့ရကြောင်း။

ပျက်ပြားခဲ့ရ

ယင်းသို့သောအခြေအနေ၌ တိုင်းရင်းသားလူမျိုးများအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ လျော့နည်းပပျောက်အောင် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်စွမ်း မရှိသည်နှင့်အမျှ ပို၍ သံသယပွားများကာ စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြန်ကြောင်း။

ကြိုးပမ်းတည်ဆောက်

မိမိတို့လက်ထက်၌ ပြည်ထောင်စုကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သာယာရေးတို့ကို မျှော်မှန်းပြီး နိုင်ငံတော်၏ တာဝန်အရှိဆုံးအဖွဲ့အစည်းအနေဖြင့် ဦးစီးဦးဆောင်ပြု၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ပြန်လည်ကြိုးပမ်းတည်ဆောက်ခဲ့သည်မှာ ယနေ့အထိဖြစ်ကြောင်း။

နယ်စပ်ဒေသများနှင့် အတွင်းပိုင်းဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုအပိုင်း၌ ကွာဟနေမှုများ လျော့နည်းကျဆင်းအောင် တည်ဆောက်မှုလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့ကြောင်း။

လက်တွဲ

ထို့ကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ဥပဒေဘောင်အတွင်း ရောက်ရှိလာပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်တက်ကြွကြွဆောင်ရွက်လာကြကြောင်း။

ပိုမိုဆောင်ရွက်နိုင်

ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လာသည်နှင့်အမျှ တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများရရှိလာပြီး တည်ငြိမ်အေးချမ်းမှုများ ပိုမိုရရှိလာကြောင်း၊ တည်ငြိမ်အေးချမ်းမှုရလာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ပိုမိုဆောင်ရွက်ပေးလာနိုင်ကြောင်း။

ပူးပေါင်းဆောင်ရွက်လာ

နိုင်ငံတော်၏ စေတနာနှင့် လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ် ပိုမိုသဘောပေါက်နားလည်လာကြသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခွဲများလည်း ထပ်မံဝင်ရောက်လာပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်လာလျက်ရှိကြောင်း။

အားထည့်ကြိုးပမ်း

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရာ အထူးသဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝမြင့်မားရေးအတွက် ပဓာနကျသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့၌ အတွင်းပိုင်းဒေသများထက် များစွာနိမ့်ကျကျန်ရစ်ခဲ့ကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်အောင် မိမိတို့ အားထည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖွဲ့စည်းဆောင်ရွက်

ယင်းသို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာ၌ သက်ဆိုင်ရာဌာနများကိုသာ သာမန်တာဝန်ပေးနေ၍ မဖြစ်နိုင်သဖြင့် မိမိကိုယ်တိုင် ဦးစီးသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုလည်းကောင်း၊ လုပ်ငန်းကော်မတီကိုလည်းကောင်း ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဝန်ကြီးဌာနဖွဲ့စည်း

ယင်းကော်မတီများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ပေါင်းစပ်တာဝန်ယူမှုတို့ဖြင့် လုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော်နိုင်အောင် သက်ဆိုင်ရာ ဝန်ကြီးဌာနကိုလည်း သီးခြားဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

လက်တွေ့မြင်တွေ့လာရ

ယင်းကဲ့သို့ ဖွဲ့စည်းတာဝန်ခွဲဝေခြင်း မှန်ကန်မှု၊ ချမှတ်ပေးထားသော မဟာဗျူဟာနှင့် နည်းဗျူဟာမှန်ကန်မှုတို့ကြောင့် ယနေ့ နယ်စပ်ဒေသများမှာ ယခင်အခြေအနေများနှင့်မတူ အဘက်ဘက်မှ တိုးတက်ဖွံ့ဖြိုးလာလျက်ရှိကြောင်း၊ အချို့နယ်စပ်ဒေသများဆိုလျှင် အတွင်းပိုင်းဒေသများထက်ပင် ဖွံ့ဖြိုးစည်ပင်သာယာလာနေသည်ကို လက်တွေ့မြင်တွေ့လာရကြောင်း။

အခြေခိုင်မာ

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံးအကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီးတစ်ရပ်လုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အောင်မြင်မှုရရှိလာကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးသည် အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာလျက်ရှိကြောင်း။

အထောက်အကူပြု

ယနေ့ နိုင်ငံတော်သစ်ကိုတည်ဆောက်နိုင်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း အခိုင်အမာချမှတ်ထားပြီးဖြစ်ရာ ယနေ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး၊ ထိထိရောက်ရောက် အလေးအနက်ထား အကောင်အထည်ဖော်ခြင်းအားဖြင့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထိရောက်စွာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း။

ထူထောင်ပေး

နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်ရင်း တစ်ဖက်မှာလည်း နယ်စပ်ဒေသများ၌ တရားဥပဒေစိုးမိုးမှု၏ အေးချမ်းမှုအရိပ်ကို ထူထောင်ပေးနိုင်ရန်လည်း ကြိုးပမ်းကြဖို့ဖြစ်ကြောင်း။

မျက်ခြည်မပြတ်

မိမိတို့၏ နယ်စပ်ဒေသများသည် ခေတ်အဆက်ဆက်၌ တရားဥပဒေစိုးမိုးမှု၏ အရသာကို အပြည့်အဝမခံစားရဘဲ အားနည်းခဲ့ရသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့

လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်ခဲ့ရာ အထူးသဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝမြင့်မားရေးအတွက် ပဓာနကျသည့် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စီးပွားရေးကဏ္ဍတို့၌ အတွင်းပိုင်းဒေသများထက် များစွာနိမ့်ကျ ကျန်ရစ်ခဲ့၊ ယင်းအခြေအနေကို ကျော်လွှားနိုင်အောင် မိမိတို့ အားထည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ။

တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ

မဂ္ဂါဝပ် ၁၂၀ ဓာတ်အားထုတ်လုပ်ပေးလျက်ရှိသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်မှ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)



စာမျက်နှာ ၄ မှ

လူ့အဖွဲ့အစည်း၌ တရားဥပဒေစိုးမိုးမှုခိုင်မာမှု၊ တစ်နည်းအားဖြင့် တရားဥပဒေနှင့်အညီ အုပ်ချုပ်မှုစနစ်ခိုင်မာမှုသာ လူ့အခွင့်အရေး အပြည့်အဝရမည်ဆိုသည်ကို မျက်ခြည်မပြတ်ရန်လိုကြောင်း။

တည်ဆောက်

တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရန် အလေးအနက်ထား အကောင်အထည်ဖော်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို အောင်မြင်အောင် အားကြိုးမာန်တက် တည်ဆောက်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

တင်ပြ

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို တင်ပြရာ၌ ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက နယ်စပ်ဒေသများရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများသည် အချိန်တိုအတွင်းတွင် အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းလျက်ရှိကြောင်း။

ပိုမိုတိုးတက်ဖြစ်ထွန်း

ဗဟိုကော်မတီဥက္ကဋ္ဌ၏ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သည့် နယ်စပ်ဒေသများ၌ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် နယ်စပ်ဒေသ တိုင်းရင်းသားများ၏ လူ့စွမ်းရည်အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသကဲ့သို့ တစ်ဖက်ကလည်း မူးယစ်ဆေးဝါးပပျောက်ရေးအတွက် စီမံကိန်းများ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးနေမှုကြောင့် အချို့သော နယ်စပ်ဒေသများ၌ လူမှုစီးပွားရေးအခြေအနေများသည် မျှော်မှန်းသည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာပြီး မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှုသည်လည်း သိသိသာသာလျော့နည်းလာခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေး

၁၉၈၉ ခုနှစ်မှစတင်ပြီး ယနေ့အထိ နယ်စပ်ဒေသအသီးသီး၌ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်မည်ဆိုလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၁၉၉၄ ကျော် သုံးစွဲပြီး နယ်စပ်ဒေသများ၏ လမ်း၊ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၃၄၃၆ မိုင်၊ ကျောက်ခင်းလမ်း ၂၃၀၁ မိုင်၊ ကတ္တရာလမ်း ၃၉၄ မိုင်၊ တံတားကြီး ၇၆ စင်း၊ တံတားငယ် ၉၉၅ စင်းနှင့် ကြိုးတံတား ၄၁ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မူလရှိပြီးလမ်း ၃၃၉၆ မိုင်ကိုလည်း ပြုပြင်ထိန်းသိမ်းပေးခဲ့ကြောင်း၊ ဤကဲ့သို့ တည်ဆောက်ပေးခဲ့၍ ပထဝီဝင်မြေအနေအထားအရ ခက်ခဲသည့် နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများ၌ ပြန့်ကျဲနေထိုင်ကြသည့် တိုင်းရင်းသားများသည် အနေနီးလာကြပြီးဖြစ်ကြောင်း၊ ယခင်က မရောက်နိုင်၊ မသွားနိုင်၊ မလာနိုင်သည့် နေရာများကို သွားနိုင်ရောက်နိုင်၊ ကုန်စည်ကူးသန်းနိုင်ကြပြီဖြစ်ကြောင်း၊ အဓိကကျသည့် နေရာဒေသများ၌ ရာသီမရွေးသွားလာနိုင်သော လမ်းများဖြစ်လာအောင် ဆောင်ရွက်ပေးနိုင်ခဲ့၍ နယ်စပ်ဒေသနှင့် အတွင်းပိုင်းဒေသများ ဆက်သွယ်သွားလာနိုင်ပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ကုန်စည်ကူးသန်းမှု ပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကောင်းများ ရရှိနေကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့် လမ်းကြီးများ ကတ္တရာလမ်းအဆင့်မြှင့်ရန်၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့် နေရာများ၌ လမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိကြောင်း။

ပညာရေး

နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်ကိုလည်း အထူးဦးစားပေး ဆောင်ရွက်ပေးနေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍ၌ နိုင်ငံတော်က မူလတန်းကျောင်း ၈၅၂ ကျောင်း၊ အလယ်တန်းကျောင်း ၉၀ နှင့် အထက်တန်းကျောင်း ၉၂ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် UNDPနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဝေးလံမြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းက ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ ကျောင်းပေါင်း ၅၀၇ကျောင်း ဆောက်လုပ်ပြီး ကျောင်းပေါင်း ၅၉၈ ကျောင်း ပြုပြင်ခဲ့ကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးနေသူ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရန်အတွက် နယ်စပ်တစ်လျှောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသ ကျောင်းသားများ ကျောင်းသုံးစာအုပ် အခမဲ့ရရှိရေးအတွက် နတလလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးခြင်း၊ UNICEF နှင့် ပူးပေါင်းဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ဘိန်းပပျောက်ရေး

ဘိန်းစိုက်ပျိုးမှုပပျောက်ရေးစီမံကိန်း ဆောင်ရွက်နေသည့် ရွှေတြိဂံနယ်မြေ၌ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများ၏ သားသမီး၊ ကျောင်းသားများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်နှင့်ပူးပေါင်းပြီး Food For Education အစီအစဉ်ဖြင့် ဆန်ထောက်ပံ့ပေးနေခြင်းကြောင့် နယ်စပ်ဒေသ ကျောင်းဝင်နှုန်း၊ ကျောင်းတက်နှုန်း မြင့်မားလာသည်ကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ ယခင်က ကျောင်းသား ၁၅၀၀ ကျော်သာရှိခဲ့သည့် နယ်စပ်ဒေသများ၌ ယခု စာသင်နှစ်တွင် ကျောင်းသား ၁၈၅၅၂ ရှိလာသဖြင့် အဆပေါင်း ၁၂၀ ကျော် တိုးပွားလာကြောင်း၊ နယ်စပ်ဒေသလူငယ်များ ပညာပိုမိုတတ်မြောက်လာသဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရောင်ခြည်များ ပေါ်ထွန်းလာသကဲ့သို့ ကိုလိုနီအမွေဆိုးဖြစ်သည့် ဘိန်းစိုက်ပျိုးမှု ဆိုးကျိုးများ ပိုမိုသိမြင်လာပြီး ဘိန်းပပျောက်ရေးကို နယ်စပ်ဒေသနေ လူထုများ ပူးပေါင်းဆောင်ရွက်လာခြင်းသည် မြင်သာထင်သာသည့် အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း။

အဆင့်မြင့်ပညာ

နယ်စပ်နေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာအပြင် အဆင့်မြင့်ပညာဆည်းပူးနိုင်ရန်အတွက် ၂၀၀၀ ပြည့်နှစ်ကစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များ၌ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရ တိုင်းရင်းသားလူငယ် ၅၇၄ ဦးသည် ၎င်းတို့ ဇာတိဒေသများ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၌ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြသကဲ့သို့ အချို့ကျောင်းသားများသည်လည်း မဟာတန်းကို ဆက်လက်ဆည်းပူးနေကြပြီဖြစ်ကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း အဆင့်မြင့်ပညာသင်ကြား တက်ရောက်ဆဲ ကျောင်းသား ၇၂၇ ဦးရှိကြောင်း။

ထို့အပြင် ၎င်းတို့၏ဒေသ ကျန်းမာရေး၊ ပညာရေးကဏ္ဍများ၌ ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသား တိုင်းရင်းသူ လူငယ်များကို ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများ၌ ဦးစားပေး ပညာဆည်းပူးခွင့်ရရှိအောင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အသက်မွေးပညာ

စာပေသင်ကြားမှုအပြင် သက်မွေးပညာဆည်းပူးမှု၊ ဘဝရပ်တည်နိုင်ရန်လည်း အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၄ ကျောင်း ဖွင့်လှစ်ထားရှိပြီး သင်တန်းသူများကို စရိတ်ငြိမ်း သင်ကြားလေ့ကျင့်ပေးလျက်ရှိရာ၌ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက် သင်တန်းသူ ၂၀၈၄၄ ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍လည်း နယ်စပ်ဒေသများ၌ တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် သက်မွေးပညာရပ်များ သင်ကြားပေးသော နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကိုလည်း စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားဒေသများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

ကျန်းမာရေး

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်က "ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသတွေသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်"ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ ၁၉၈၈ ခုနှစ်က ဆေးရုံခြောက်ရုံ၊ ဆေးပေးခန်းရှစ်ခန်း၊ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၇၉ ရုံ၊ ဆေးပေးခန်း ၁၀၅ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၅၈ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၄၀ တို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၁၃၂၃ ဦးထိ တိုးချဲ့တာဝန်ပေးအပ်ထားသည့်အပြင် ဖွံ့ဖြိုးရေးအထူးဒေသတိုင်း၌လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနေပြီး နယ်စပ်ဒေသ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အတိုင်း နယ်စပ်ဒေသများ၌ ဆင်းရဲနွမ်းပါးနေသည့် တိုင်းရင်းသားများအတွက် ဒေသတွင်း ဖြစ်ထွန်းနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ပံ့ပိုးကူညီခြင်းဖြင့် စားရေးဖူလုံမှုရှိအောင် ပထမဦးစားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒုတိယအနေဖြင့် ပိုလျှံသည့် စိုက်ပျိုးရေးထုတ်ကုန်များကို ရောင်းဝယ်ဖောက်ကားနိုင်အောင် ဈေးကွက်များစီစဉ်ပေးခြင်းဖြင့် ဝတ်ရေး၊ နေရေး၊ ဖူလုံအောင်လည်း ကူညီပံ့ပိုးပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများ၌ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၇ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီးဆည် ၄၈ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်းငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသ ရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေအားလုံး အကြား ဆူကြုံနိမ့်မြင့်ကွာဟနေမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး တစည်းတလုံးတည်း မကွဲမပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမည် ဆိုသည့် မွန်မြတ်သောရည်မှန်းချက်ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် အောင်မြင်မှုရရှိလာကာ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးသည် အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာလျက်ရှိ။

မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်း၏ အောင်မြင်မှုအဖြစ် 'ဝ'တိုင်းရင်းသားတို့ နေထိုင်ရာ နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံ စိုက်ခင်းများကို ဤသို့ တွေ့မြင်ရသည်။ (ဓာတ်ပုံ-မြန်မာ့အလင်း)

တရားဥပဒေနှင့်အညီ အုပ်ချုပ်မှုစနစ်ခိုင်မာမှသာ လူ့အခွင့်အရေး အပြည့်အဝရရှိမည် တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရန် အလေးအနက်ထားဖော်ဆောင်

စာမျက်နှာ ၅ မှ

မွေးမြူရေး

ဤကဲ့သို့ စားဝတ်နေရေးဖူလုံရန်အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများကိုလည်း တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း။

လယ်ယာမြေဖော်ထုတ်

စိုက်ပျိုးရေးအခြေခံ စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်အောင် နယ်စပ်ဒေသအသီးသီး၌ စိုက်ပျိုးရေးရုံးနှင့် စိုက်ပျိုးရေးစခန်းများ၊ အသေးစားဆည်နှင့် တူးမြောင်းများ၊ ထွန်စက်စခန်းများကို ဆောင်ရွက်ပေးနေသကဲ့သို့ ဗဟိုကော်မတီဥက္ကဋ္ဌ လမ်းညွှန်ချက်အတိုင်း သဘာဝပတ်ဝန်းကျင် ပျက်ယွင်းစေသည့် ရွှေ့ပြောင်းတောင်ယာစနစ်ကို ထိန်းသိမ်းရန်အတွက် ကုန်းမြင့်လယ်ယာမြေများ ဖော်ထုတ်ပေးခြင်း၊ မြေပြန့်များ၌ လယ်ယာမြေအသစ်များ ဖော်ထုတ်ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ခုနှစ်ကစတင်ပြီး (၁၀)နှစ်စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်း ကျောက်ထုဒေသများ၌ ဧက ၂၁၄၅၀ ဖော်ထုတ်ပြီးဖြစ်ကြောင်း။

တိုးချဲ့စိုက်ပျိုး

ဤကဲ့သို့ ဆောင်ရွက်ပေးခြင်းကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှုပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊ လိမ္မော်၊ လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်လာပြီဖြစ်ကြောင်း၊ ဤအခြေခံကောင်းများကြောင့် ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့်အောင်မြင်မှုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် အစားထိုးသီးနှံစိုက်ခင်း၊ ဘိန်းအစားထိုး နှစ်ရှည် သီးနှံစိုက်ခင်းများ တိုးချဲ့နိုင်ရန်နှင့် ထွက်ရှိလာသည့် သီးနှံပစ္စည်းများကို ပြည်တွင်းပြည်ပ ဈေးကွက်တင်ပို့နိုင်ရေး၊ ဈေးကောင်းရရှိရေး ဆက်လက်ကူညီဆောင်ရွက်ပေးကြရန် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာ လုပ်ငန်းဆပ်ကော်မတီများကို ဟန်ချက်ညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းအင်ကဏ္ဍ

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၁၇မြို့၌ အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများတည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၁၉၉ ခု၌ မီးစက် ၂၆၅ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေနိုင်ပြီဖြစ်ကြောင်း၊ ရေသယံဇာတပေါများသည့် နယ်စပ်ဒေသများ၌ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် အသေးစား ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်အသုံးပြုမှု၊ ကိုယ့်အားကိုယ်ကိုး တပ်ဆင်အသုံးပြုမှုများ ရှိနေခြင်းကြောင့် လူနေမှုအဆင့်အတန်းမြင့်မားလာနေကြောင်း၊ ထို့အပြင် အသေးစား ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲနိုင်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်အောင် ဥက္ကဋ္ဌက လမ်းညွှန်ထားသည့်အတိုင်း အသေးစားရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာများ ထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်ရေးကိုလည်း အမှတ်(၂)စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဆက်သွယ်ရေးကဏ္ဍ

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၅၂ ခု၊ ကြေးနန်းရုံး ၄၅ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၅ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ကြောင်း။

ပြည်သူ့ဆက်ဆံရေး

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသအသီးသီး၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၁ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ အေးချမ်းတည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်နေမှုများနှင့် နိုင်ငံတော်၏ မူဝါဒလမ်းညွှန်ချက်များကို နယ်စပ်ဒေသတိုင်းရင်းသားသွေးချင်းများ သိရှိနားလည်စေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုတိုးတက်ဖြစ်ထွန်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ထို့ကြောင့် နိုင်ငံတော်က အစွန်အဖျားနယ်စပ်ဒေသများအထိ တတ်နိုင်သမျှ ပြည်တွင်းမီဒီယာ ဖြန့်ကြက်ပေးရေးနှင့် သတင်းစာမရောက်နိုင်သေးသည့် အချို့ဒေသများ၌ မြန်မာ့ရုပ်သံနှင့် မြဝတီရုပ်သံ နှစ်ရုပ်စလုံး ဖမ်းယူရရှိစေရေး ဆောင်ရွက်ပေးနေကြောင်း၊ ယင်းထပ်ဆင့်လွှင့်စက်ရုံများ အချိန်မှန်မှန်ထုတ်လွှင့်နိုင်ရန်နှင့် နယ်စပ်ဒေသပြည်သူများ ဖမ်းယူကြည့်ရှုရန်အပိုင်းကို ဌာနဆိုင်ရာနှင့် ဒေသဆိုင်ရာတာဝန်ရှိသူများက အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

သစ်တောကဏ္ဍ

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက်လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီဖြစ်ကြောင်း။

သတ္တုကဏ္ဍ

သတ္တုကဏ္ဍအနေဖြင့် နယ်စပ်ဒေသ သတ္တုသိုက်များ ရှာဖွေဖော်ထုတ်ရေး၊ စီးပွားဖြစ်တွေ့ရှိသည့် သတ္တုသိုက်များကို စနစ်တကျတူးဖော်ရေး၊ သတ္တုကဏ္ဍမှ နယ်စပ်ဒေသ တိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်လာရေး ဦးတည်ချက်များဖြင့် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိရာ အချို့ဒေသများ၌ စီးပွားဖြစ် သတ္တုထုတ်လုပ်မှုများ ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အရှိန်အဟုန်ကောင်းရရှိ

နိုင်ငံတော်ကတည်ဆောက်ပေးသည့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများပေါ် မှီတည်ပြီး နယ်စပ်ဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းများရရှိနေပြီဖြစ်ကြောင်း၊ ဤကဲ့သို့ အခြေခံကောင်းများရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ကျပ် ၆၂၃၃၅ သန်း၊ ဝန်ကြီးဌာနအသီးသီးကကျပ် ၃၈၇၃၀ သန်း စုစုပေါင်း ၁၀၁ ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေး

ဆက်လက်ပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးကြိုးပမ်းချက် ဆက်စပ်ဆောင်ရွက်မှု အခြေအနေကို တင်ပြမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နတလဗဟိုကော်မတီဥက္ကဋ္ဌ ချမှတ်ပေးထားသည့် ရည်ရွယ်ချက်(၅)ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် "နယ်စပ်ဒေသ စီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်"ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်ကိုလည်း မူဝါဒအနေဖြင့် ပါရှိကြောင်း။

မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်း မစတင်မီ ၁၀ နှစ်ဖြစ်သော ၁၉၈၉ ခုနှစ်ကတည်းက နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ကြိုတင်ဆောင်ရွက်ခဲ့သည့်အတွက် မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းကိုလျင်မြန်စွာ၊ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း။ စာမျက်နှာ ၇ ကော်လံ ၁

နိုင်ငံတော်က ကျပ်သန်းပေါင်း ၅၁၉၉၄ ကျော် သုံးစွဲပြီး နယ်စပ်ဒေသများ၏ လမ်း၊ တံတား တည်ဆောက်ရေး လုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာတွင် မြေလမ်း ၃၄၃၆ မိုင်၊ ကျောက်ခင်းလမ်း ၂၃၀၁ မိုင်၊ ကတ္တရာလမ်း ၃၉၄မိုင်၊ တံတားကြီး ၇၆ စင်း၊ တံတားငယ် ၉၉၅ စင်းနှင့် ကြိုးတံတား ၄၁စင်း တို့ကို တည်ဆောက်ပေးနိုင်ခဲ့။

ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ)

၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစ၍ တက္ကသိုလ်အဆင့် တိုးမြှင့်ဖွင့်လှစ်လိုက်သော ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)ကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

29-3 (06) 1 3/29/07, 4:23 PM

နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကျဆင်း ၂၀၀၅ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၀၆ ခုနှစ်တွင် တစ်နိုင်ငံလုံး ၃၄ ရာခိုင်နှုန်းကျဆင်းခဲ့

စာမျက်နှာ ၆ မှ

ဦးစားပေးတည်ဆောက်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဘိန်းစိုက်ပျိုးရာဒေသများ၏ လူမှုစီးပွားရေး အခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ပေးခဲ့ကြောင်း၊ စာရင်းဇယားများအရ ကြည့်မည်ဆိုလျှင် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲခဲ့သည့် ရန်ပုံငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ ရာခိုင်နှုန်းကို မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်နေသည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဆောင်ရွက်ပေးခဲ့၍လည်း နယ်စပ်ဒေသ၌ရှိသည့် ဘိန်းစိုက်တောင်သူများအတွက် အခြားစီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာပြီး ဘိန်းစိုက်ပျိုးမှုအပေါ် မှီခိုအားထားမှု သိသိသာသာ လျော့နည်းကျဆင်းလာခဲ့ကြောင်း။

ဘိန်းစိုက်ပျိုးမှုကျဆင်း

နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းကာလအတွင်း မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် အရှိန်အဟုန်ဖြင့်ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ အမေရိကန်နိုင်ငံ Counter Narcotic and Crime (CNC) နှင့် ပူးပေါင်းပြီး ဘိန်းအထွက်နှုန်း တိုင်းတာခဲ့သည့် စာရင်းဇယားများအရ ၁၉၉၆ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၄ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုသည် ၈၁ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဘိန်းထုတ်လုပ်မှုသည် ၈၈ ရာခိုင်နှုန်း လျော့နည်းသွားပြီဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ၂၀၀၆ ခုနှစ်တွင် မူးယစ်ဗဟိုနှင့် UNODC တို့ ပူးပေါင်းပြီး ဘိန်းစိုက်ပျိုးမှုကွင်းဆင်းတိုင်းတာချက်အရ ၂၀၀၅ ခုနှစ်နှင့် နှိုင်းစာလျှင် တစ်နိုင်ငံလုံးအနေဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းလာခဲ့သည်ကို သိရှိရကြောင်း။

> ## မီးရှို့ဖျက်ဆီး
>
> **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများနှင့် ဘိန်းမျိုးစေ့များ၊ ဘိန်းဖြူများ၊ ဘိန်းစိမ်းများ၊ ဘိန်းညိုများ၊ ဘိန်းဆီခဲများ၊ ဘိန်းရည်များ၊ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အက်ဖီဒရင်း၊ ဓာတုဗေဒဆေးရည်များ၊ ဓာတုဗေဒဆေးများနှင့် ဆက်စပ်ပစ္စည်းများကို ဤသို့ မီးရှို့ဖျက်ဆီးခဲ့သည်။** (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မူးယစ်ဆေးဝါးထုတ်လုပ်မှု ကျဆင်းပပျောက်ရေးအတွက် ယခင်က ဘိန်းခင်းများကို လေယာဉ်ဖြင့် ဆေးဖျန်းဖျက်ဆီးခြင်း၊ စစ်ဆင်ရေးကြီးများဖြင့် တားဆီးနှိမ်နင်းဖျက်ဆီးခြင်းလုပ်ငန်းများကို ပြင်းပြင်းထန်ထန် ပြုလုပ်ခဲ့သော်လည်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ လျော့နည်းကျဆင်းမှုမရှိခဲ့ဘဲ ယခုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ပေးသည့်အခါတွင် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် အခြားစီးပွားရေးအခွင့်အလမ်းများ ပေါ်ပေါက်လာသည်ကတစ်ကြောင်း၊ နယ်စပ်ဒေသ တိုင်းရင်းသားများအကြား မူးယစ်ဆေးဝါး၏ဆိုးကျိုးကို အသိပညာပေးနိုင်သည့် အခွင့်အလမ်းများ ပိုမိုရရှိလာခြင်းကြောင့်တစ်ကြောင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် သိသိသာသာ လျော့နည်းကျဆင်းနေပြီဖြစ်ကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပပျောက်ရေးအပြင် အိမ်နီးချင်းနိုင်ငံများကတစ်ဆင့် တင်သွင်းလာသောကုန်ကြမ်းနှင့် ဓာတုဆေးဝါးများကို အသုံးပြုထုတ်လုပ်သည့် မူးယစ်ဆေးဝါးပြဿနာကိုလည်း တားဆီးနှိမ်နင်းရေး ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်း၊ နယ်စပ်မြို့များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းမြို့များကို မူးယစ်ဆေးဝါးကင်းမဲ့ဇုန်ဖြစ်ရေးအတွက်လည်း တားဆီးနှိမ်နင်းရေးအပိုင်းက ထိထိရောက်ရောက် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

အကဲဖြတ်

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC)နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် 'ဝ'ဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်း Wa Alternative Development Project(WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄၃သမ၈၉၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှ စ၍ ၂၀၀၇ ခုနှစ်အထိ 'ဝ'ဒေသ (တောင်ပိုင်း) မိုင်းပေါက်မြို့နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း။

ထောက်ပံ့ပေး

ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)အနေဖြင့် ၂၀၀၃ ခုနှစ်မှ စတင်၍ ၂၀၀၆ ခုနှစ်အထိ ကိုးကန့်ဒေသ၊ 'ဝ'ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန် ဒေသများ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်မြို့နယ်များရှိ ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား ဆန်တန်ချိန် ၃၀၅၇၆ တန်ကို အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့ရေး စီမံကိန်းအနေဖြင့် ထောက်ပံ့ပေးခဲ့ကြောင်း၊ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၁၃သမ၇၉၃ သန်း ကျခံဆောင်ရွက်ပေးသည့်အပြင် ၂၀၀၇ ခုနှစ်မှ ၂၀၀၉ခုနှစ်အထိ ဆင်းရဲသော မိသားစုများအတွက် စားနပ် ရိက္ခာထောက်ပံ့ရေးစီမံကိန်းကို ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ဆန်နှင့် စားနပ်ရိက္ခာ ၁၁၄၃၁၅ တန်ကို အမေရိကန်ဒေါ်လာ ၅၁၃သမ၇၃၉ သန်း ကျခံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် ဆန်တန်ချိန် ၁၀၀၀ ကို ၂၀၀၅ ခုနှစ်တွင် 'ဝ'ဒေသသို့ ပို့ဆောင်ဖြန့်ဖြူးပေးခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း ၂၀၀၆ခုနှစ် စက်တင်ဘာလတွင် ဆန်တန်ချိန်၁၀၀၀၀ မြန်မာနိုင်ငံနယ်စပ်ဒေသက ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား ထောက်ပံ့ပေးသည့်အတွက် ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း။

အစားထိုးစိုက်ပျိုးရေး

ထို့အပြင် နိုင်ငံတော်ကတည်ဆောက်ပေးထားသည့် လူမှုစီးပွားရေး အခြေခံအဆောက်အအုံများနှင့် သဘာဝရေမြေသယံဇာတများကိုအသုံးပြုပြီး ရေရှည်ဘဝတိုးတက်ရေးအတွက် အစားထိုးစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း စီမံကိန်းငယ်များဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဆက်လက်ဆောင်ရွက်မည်

နိဂုံးချုပ်အနေဖြင့်တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို နတလဗဟိုကော်မတီကချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း နတလလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နေမှုကြောင့် မြန်မာနိုင်ငံနယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ သိသိသာသာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်လျက်ရှိသည်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ နယ်စပ်ဒေသများ၏ လူမှုစီးပွားရေးအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့်လည်း မြန်မာနိုင်ငံ၏ ဒေသအသီးသီးက တိုင်းရင်းသား ပြည်သူများသည် အပြန်အလှန် ကူးလူးဆက်သွယ်မှုများ များပြားလာပြီး တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်ကိုးစားလေးစားမှု ပိုမိုမြင့်မားလာသည်ကို အားရဖွယ်ရာတွေ့မြင်နေရပြီဖြစ်ကြောင်း၊ နတလလုပ်ငန်း ကော်မတီအနေဖြင့် နတလဗဟိုကော်မတီ၏ ယခင်အစည်းအဝေးများနှင့် ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒပိုင်းဆိုင်ရာလမ်းညွှန်ချက်များကို အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့်တင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်ကရှင်းလင်းတင်ပြရာ၌ ယနေ့ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ပြီးခဲ့သည့် ဗဟိုကော်မတီ အစည်းအဝေးများ၌ ဗဟိုကော်မတီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးက ဝန်ကြီးဌာနအား တာဝန်ပေးထားသည့် လုပ်ငန်းများအား ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁

> **မြန်မာနိုင်ငံနယ်စပ်ဒေသ၌ ဘိန်းစိုက်ပျိုးမှုအများဆုံးဖြစ်ခဲ့သည့် ကိုးကန့်ဒေသသည် ၂၀၀၃ ခုနှစ်တွင်လည်းကောင်း၊ 'ဝ'ဒေသသည် ၂၀၀၅ခုနှစ်တွင်လည်းကောင်း ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့၊ စိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူမိသားစုများ လတ်တလော ရိက္ခာအခက်အခဲကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၀၃ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) နှင့် ပူးပေါင်းဆောင်ရွက်ခဲ့၊ WFP အနေဖြင့် ၂၀၀၃ခုနှစ်မှစတင်ပြီး ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၉၃သန်းတန်ဖိုးရှိ ဆန်တန်ချိန်၃၀၅၇၆ တန်ကို ကိုးကန့် ဒေသ၊ 'ဝ'ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင် ဒေသများက ဘိန်းစိုက်ပျိုးစွန့်လွှတ်သည့် တိုင်းရင်းသားတောင်သူများအား ဖြန့်ဝေပေးခဲ့။**

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သုံးစွဲသည့်ရန်ပုံငွေ ကျပ်သန်းပေါင်း ၁၀၁၀၆၆ သန်းကျော်၏ ၇၅ရာခိုင်နှုန်း မူးယစ်ဆေးဝါးပပျောက်ရေးစီမံကိန်းနှင့် ဆက်စပ်သည့်ဒေသများ၌ သုံးစွဲဆောင်ရွက်ပေးခဲ့

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

ပြုစုပျိုးထောင်

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုနှင့် ပတ်သက်ပြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စု စိတ်ဓာတ်ရင့်သန်ခိုင်မြဲပြီး ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ်ကာကွယ်စောင့်ရှောက်မည့်သူများဖြစ်လာစေရန် ရည်ရွယ်လျက် နယ်စပ်တစ်လျှောက်၌ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ ကျောင်းကို ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ ကွမ်းလုံ၊ တန့်ယန်း၊ ကျိုင်းတုံ၊ လွယ်မွေ၊ ပင်လုံ၊ လွိုင်ကော်၊ ဘားအံ၊ စစ်တွေ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပခုက္ကူ၊ ကလေး၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ ခန္တီး၊ လေရှီးနှင့် လဟယ်မြို့များ၌ ဖွင့်လှစ်ပြီး ကျောင်းသင်ရိုးညွှန်းတမ်းများတွင် အထူးပြုဘာသာရပ်များအဖြစ် ပြည်ထောင်စုစိတ်ဓာတ်နှင့် အဆင့်မြင့်ယဉ်ကျေးမှုဘာသာရပ်များကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းများပါ ရေးဆွဲ၍သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းကျောင်းများ၌ မူလတန်းကျောင်းသား ၃၀၃ ဦး၊ အလယ်တန်းကျောင်းသား ၁၆၂၀၊ အထက်တန်း ကျောင်းသား ၆၂၉ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၂၅၅၂ ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

အလားတူ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်၌ ပညာရေးသက်သက်သာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာရပ်ဖြစ်သည့် ပန်းရန်၊လက်သမား၊သံချည်သံကွေး၊ အဆောက်အအုံဆောက်လုပ်သည့် ပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မိုင်းလား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ပန်ဆန်းနှင့် လောက်ကိုင်ဒေသတို့တွင် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

လေ့ကျင့်ပေးနိုင်

ထို့ပြင် ပညာဆက်လက်သင်ကြားရန် အခြေအနေမရှိသူများ ဘဝရပ်တည်ရေးအတွက် "အသက်မွေးမှု ပညာသင်တန်းကျောင်း(စက်ပြင်အလုပ်ရုံ)" ကို စစ်တွေမြို့၌ ၂၀၀၁ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ သင်တန်းအနေဖြင့် စက်ပြင်အတတ်ပညာ၊ လျှပ်စစ်ဂဟေဆက်ပညာနှင့် အခြေခံ အီလက်ထရွန်နစ် ပညာရပ်များကို သင်တန်းကာလ ခြောက်လ သတ်မှတ်သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ယနေ့အထိ လူငယ်သင်တန်းကျောင်းများမှ ကျောင်းသား ၁၂၉ ဦးနှင့် ဒေသခံ ၃၂၀ စုစုပေါင်း တိုင်းရင်းသားလူငယ် ၄၄၉ ဦးအား လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)တို့မှ အင်ဂျင်နီယာဒီပလိုမာရရှိသူ ၁၉၃ဦး၊ ဝိဇ္ဇာ၊သိပ္ပံဘွဲ့ရရှိသူ ၃၈၁ဦး ပေါင်း ၅၇၄ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ဝိဇ္ဇာ ၁၆၅ ဦး၊ သိပ္ပံ ၃၂၁ ဦး၊ အေဂျီတီအိုင် ၈၈ ဦး၊ B.Tech သင်တန်း ၆၉ ဦး၊ B.E သင်တန်း ၂၃ ဦး၊ မဟာ အရည် အချင်းစစ် သင်တန်း ၃၆ ဦး၊ မဟာဝိဇ္ဇာ၊သိပ္ပံသင်တန်း ၂၂ ဦး၊ M.E သင်တန်း သုံးဦး စုစုပေါင်း ၇၂၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း။

တာဝန်ပေးအပ်ပြီး

သင်တန်းဆင်းပြီးသူများအနက် ဝိဇ္ဇာ၊သိပ္ပံဘွဲ့ရရှိသူ ၃၈၁ ဦးအား ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့တွင်လည်းကောင်း၊ အေဂျီတီအိုင်ဒီပလိုမာရ ၁၉၃ ဦးအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့တွင်လည်းကောင်း ခန့်အပ်ပြီး သက်ဆိုင်ရာ နယ်စပ်ဒေသအသီးသီး၌ တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း။

သင်ကြားပေးလျက်ရှိ

နယ်စပ်ဒေသရှိ တိုင်းရင်းသူကလေးများကို အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြားတတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်ရည်ရွယ်ပြီး အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများကို ပူတာအို၊ ဗန်းမော်၊ ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်၊ လွိုင်ကော်၊ ဘားအံ၊ မြဝတီ၊ မုဒုံ၊ ရေး၊ မြိတ်၊ ကော့သောင်း၊ မောင်တော၊ ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ နန်းယွန်း၊ လေရှီး၊ လဟယ်မြို့များတွင် ဖွင့်လှစ်ပေးခဲ့ရာ ၁၉၉၂ ခုနှစ်မှ ယခုအထိ ၂၆ ကျောင်းရှိပြီဖြစ်ကြောင်း။

အဆိုပါ သင်တန်းကျောင်းများတွင် အခြေခံအိမ်တွင်းမှုသင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် ဟင်းလျာချက်ပြုတ်နည်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

သင်တန်းများ

အအေးပိုင်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း နာဂဒေသအိမ်တွင်းမှုကျောင်းများတွင် သိုးမွေးစက်ဆွဲသင်တန်းကို သီးခြားဖွင့်လှစ်ပေးခဲ့ကြောင်း။

ထို့အတူ ချင်းပြည်နယ်၊ ဟားခါး၊ ဖလမ်း၊ မင်းတပ်မြို့များရှိ အိမ်တွင်းမှုကျောင်းများတွင် အထူးပြုဘာသာရပ်အဖြစ် ရက်ကန်းသင်တန်းနှင့် ကနုကမာကျောက်စီပန်းချီသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ကြောင်း။

သင်ကြားပေးနိုင်

ထို့အတူ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုလျော့နည်းရေးအတွက် မကွေးတိုင်း၊ ပခုက္ကူ၊ မြိုင်၊ ရေစကြို၊ ပေါက်၊ ဆိပ်ဖြူမြို့များနှင့် စစ်ကိုင်းတိုင်း ယင်းမာပင်၊ ပုလဲ၊ ဆားလင်းကြီးမြို့များတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယခုဖွင့်လှစ်လျက်ရှိသော အမှတ်စဉ်(၃) အခြေခံအိမ်တွင်းမှုသင်တန်းအထိ သင်တန်းသူပေါင်း ၇၉၁ ဦးကို သင်ကြားပေးနိုင်ခဲ့ကြောင်း။

သို့ပါ၍ အိမ်တွင်းမှုသင်တန်းကျောင်း ၃၄ ကျောင်းတို့မှ ယနေ့အထိ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၁၈၆၂၁ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၁၂၇၇ ဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူ ၆၀၂ ဦး၊ ကနုကမာ ကျောက်စီပန်းချီသင်တန်းသူ ၁၀၂ ဦး၊ အခြေခံရက်ကန်းသင်တန်းသူ ၁၀၇ ဦး၊ ဟင်းလျာချက်ပြုတ်နည်းသင်တန်းသူ ၁၃၅ ဦး စုစုပေါင်း သင်တန်းသူ ၂၀၈၄၄ ဦးတို့အား အသက်မွေးမှုပညာရပ်များ သင်ကြားပေးနိုင်ခဲ့ကြောင်း။

လက်မှုပညာ

၄-၁၀-၂၀၀၆ ရက်တွင်ကျင်းပသည့် နတလ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၆)တွင် ဥက္ကဋ္ဌက လမ်းညွှန်ခဲ့သည့် ဒေသထွက် ကြိမ်/ဝါး ပစ္စည်းများကိုအခြေခံပြီး လက်မှုပညာရပ်ဖြင့် ကုန်ချောပစ္စည်းထုတ်လုပ်နိုင်ရန်အတွက် နယ်စပ်ဒေသများ၌ သင်တန်းများဖွင့်လှစ်နိုင်ရန် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နည်းပြသင်တန်းဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အတွက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဒေသခံတိုင်းရင်းသူများကို ကြိမ်/ဝါး လက်မှုပညာများစတင်သင်ကြားပေးမည်ဖြစ်ကြောင်း။

တာဝန်ယူဆောင်ရွက်

နယ်စပ်/စည်ပင်ဝန်ကြီးဌာနအား သီးခြားတာဝန်ပေးထားသော တာကော်အက်-ဝိန်းကောင်-ပန်ဆန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ တာကော်အက်-ဝိန်းကောင်-ပန်ဆန်းလမ်းသည် ၈၁ မိုင် ၃ ဖာလုံရှိပြီး ၁၉၉၁ ခုနှစ်မှစတင်၍ ဖောက်လုပ်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် တစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ရာသီမရွေးသွားလာနိုင်ရန်အတွက် တာကော်အက်-မိုင်းပတ်-ပန်ဆန်းလမ်း ၁၄ မိုင် ၄ ဖာလုံကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပြီး မိုင်းပတ်-ပန်ဆန်းလမ်းအပိုင်း ၆၆ မိုင် ၇ ဖာလုံကို 'ဝ'အထူး ဒေသ(၂)က တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း။

ပတလ(ရှမ်းမြောက်)က တာဝန်ယူဆောင်ရွက်ခဲ့သည့် တာကော်အက်-မိုင်းပတ်အပိုင်း ကျောက်ခင်းခြင်းကို ၁၉၉၈ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ပြီး ကတ္တရာခင်းခြင်းကို ၁၉၉၉ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊ မူလလမ်းအကျယ် ၁၈ ပေနှင့် ကတ္တရာလမ်းအကျယ် ၁၂ ပေသာရှိ၍ မြေပြိုပိတ်ဆို့မှုများ မကြာခဏ ဖြစ်ခဲ့ကြောင်း၊ ထို့ကြောင့် ၂၀၀၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအထိ တပ်မတော်သားများ၏ လုပ်အားဖြင့် လမ်းအကျယ်ပေ ၃၀ ချဲ့ခြင်းနှင့် ကတ္တရာလမ်း ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် လွိုင်လင်ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကို ဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရာသီမရွေးသွားနိုင်

နယ်စပ်/စည်ပင်ဝန်ကြီးဌာနက ကြီးကြပ်၍ ‘ဝ’အထူးဒေသ(၂)က တာဝန်ယူဆောင်ရွက်ခဲ့သည့် မိုင်းပတ်-ပန်ဆန်းလမ်းအပိုင်း ၆၆ မိုင် ၇ ဖာလုံကို ပေ ၃၀ အကျယ်ချဲ့ခြင်းနှင့် ၁၈ ပေ အကျယ် ကျောက်ခင်းခြင်းလုပ်ငန်းများကို ၁၉၉၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၁ ခုနှစ်တွင် ပြီးစီးခဲ့သည့်အတွက် ယင်းအချိန်ကစပြီး တာကော်အက်-ပန်ဆန်းလမ်းသည် ရာသီမရွေး သွားလာနိုင်ခဲ့ကြောင်း။

ဆက်လက်ပြီး မိုင်းပတ်-ပန်ဆန်းလမ်း ၆၆ မိုင် ၇ ဖာလုံကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရေးအတွက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၀၇ ခုနှစ် ဧပြီလတွင် လုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း။

နှစ်အလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများမှာ-

- ၂၀၀၃-၂၀၀၄	တွင်	၁၈ မိုင်
- ၂၀၀၄-၂၀၀၅	တွင်	၁၃ မိုင် ၂ ဖာလုံ
- ၂၀၀၅-၂၀၀၆	တွင်	၁၉ မိုင်
- ၂၀၀၆-၂၀၀၇	တွင်	၁၅ မိုင်
- ဆောင်ရွက်ဆဲ		၁ မိုင် ၅ ဖာလုံ
စုစုပေါင်း		၆၆ မိုင် ၇ ဖာလုံရှိကြောင်း။

ခရိုင်ချင်းဆက်လမ်း

Strategic Trail(ခရိုင်ချင်းဆက်လမ်း)ကို ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၀၇)၏ လမ်းညွှန်ချက်အရ ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ရန်ကုန်မှ မန္တလေးအထိ ၄၀၀ မိုင် ၁ ဖာလုံရှိပြီး ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့ရှိ စည်ပင်သာယာရေးအဖွဲ့များဖြင့် ဖောက်လုပ်လျက်ရှိကြောင်း၊ ရန်ကုန်-မန္တလေးဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် မြေသားလမ်း ၃၂၃ မိုင် ၅ ဖာလုံ၊ ကျောက်ချောလမ်း ၂၇၆ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၃၁ မိုင် ၅ ဖာလုံ ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခု ဘဏ္ဍာရေးနှစ်အတွင်း ကျန်ရှိသော ကျောက်ချောလမ်း ၄၆ မိုင် ၆ ဖာလုံ ပြီးစီးမည်ဖြစ်သည့်အတွက် ရန်ကုန်မှ မန္တလေးအထိ ကျောက်ချောလမ်းပြီးစီးမှာဖြစ်ပြီး ကတ္တရာလမ်း စုစုပေါင်း ၂၁ မိုင် ၄ ဖာလုံ ပြီးစီးမည်ဖြစ်ကြောင်း။

မန္တလေး-မော်လမြိုင် ဆက်သွယ်သည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂)တွင် မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ပါဝင်ပြီး စုစုပေါင်းမိုင်အရှည် ၄၄၀ မိုင် ၆ ဖာလုံရှိကြောင်း၊ မန္တလေးတိုင်းတွင် ၁၂၉ မိုင် ၂ ဖာလုံနှင့် ပဲခူးတိုင်းတွင် ၃၃ မိုင် ၆ ဖာလုံ စုစုပေါင်း ၁၆၃ မိုင်ကို ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ မြေသားလမ်း ၁၆၀ မိုင် ၃ ဖာလုံ၊

ကျေးရွာ ၁၅၁၈၃ရွာအနက် ကျေးရွာစုစုပေါင်း ၉၂၀၆ရွာ၌ သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၆၁ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီ ဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်းအားလုံးရှိ ဆောင်ရွက်ပေးရန်ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း၁၇၀၉၇ရွာ ရာခိုင်နှုန်းအားဖြင့် ၇၄ ရာခိုင်နှုန်းကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ကျေးလက်အိမ်ရာ

ကျေးလက်အိမ်ရာစီမံကိန်းကို ၂၀၀၃-၂၀၀၄ဘဏ္ဍာရေးနှစ်မှစတင်ကာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ကျေးလက်အိမ်ရာများကို စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် ကျေးလက်အိမ်ရာပေါင်း၈၂၀၊ ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၇၈၉လုံး၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၇၇၀ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၂၈-၂-၂၀၀၇ ရက်အထိ ၇၆၆လုံးဆောက်လုပ်ပြီးဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ကျေးလက်အိမ်ရာ ၃၁၄၅လုံး ဆောက်လုပ်ပြီးစီးပြီးဖြစ်ကြောင်း။

နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်

ဆက်လက်ပြီး မူးယစ်ဆေးဝါးပပျောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၌ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများကို တင်ပြလိုကြောင်း။

မြန်မာနိုင်ငံနယ်စပ်ဒေသ၌ ဘိန်းစိုက်ပျိုးမှုအများဆုံးဖြစ်ခဲ့သည့် ကိုးကန့် ဒေသသည် ၂၀၀၃ခုနှစ်တွင်လည်းကောင်း၊ ‘ဝ’ဒေသသည် ၂၀၀၅ခုနှစ်တွင် လည်းကောင်း ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်ခဲ့ကြောင်း၊ စိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူ

ယနေ့နယ်စပ်ဒေသများမှာ ယခင်အခြေအနေများနှင့်မတူ အဘက်ဘက်မှတိုးတက်ဖွံ့ဖြိုးလျက်ရှိ အချို့မှာအတွင်းပိုင်းဒေသများထက်ပင် ဖွံ့ဖြိုးစည်ပင်လာသည်ကို လက်တွေ့မြင်တွေ့ရ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ထို့ကြောင့်ယခုနှစ်ပွင့်လင်းရာသီ၌ ရည်မှန်းချက်အတိုင်း တာကော်အက်မှ ပန်ဆန်းအထိ ကတ္တရာလမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းပြီးစီးမည်ဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်

နတလဗဟိုကော်မတီဥက္ကဋ္ဌ၏ ၂၀၀၂ခုနှစ် ဒီဇင်ဘာလခရီးစဉ်တွင် လမ်းညွှန်ခဲ့သည့် ကလေးဝ-မော်လိုက်လမ်းအသစ်ဖောက်လုပ်ရေးအတွက် နမခက တာဝန်ယူဆောင်ရွက်လျက်ရှိရာတွင် တပ်မတော်သားများနှင့် စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့တို့က ၂၀၀၃ခုနှစ်မတ်လတွင် လမ်းအူကြောင်း စတင်တိုင်းတာခဲ့ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှစ၍ ဖောက်လုပ်ခဲ့ကြောင်း၊ ကလေးဝ-မော်လိုက်အထိ ၃၆ မိုင်ကို ၂၀၀၄ခုနှစ် မတ်လတွင် ရည်မှန်းချက်အတိုင်း မြေသားလမ်း ဖောက်လုပ်ပြီးစီးခဲ့ပြီး ရာသီမရွေးသွားလာနိုင်ရေးအတွက် ကျောက်ခင်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ၌ ၂၀၀၆ ခုနှစ် ဇူလိုင်လတွင် ပြီးစီးခဲ့ကြောင်း၊ ၎င်းလမ်းပေါ်၌ ပေ ၁၀၀ အောက် တံတား ၁၄၈ စင်းနှင့် ပေ ၁၀၀ အထက် တံတား ၂၂စင်း ဆောက်လုပ်ရန် လျာထားခဲ့ရာ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပေ ၁၀၀ အောက်တံတား ၁၄၈စင်းနှင့် ပေ ၁၀၀ အထက် တံတားကိုးစင်းတည်ဆောက်ပြီးစီးခဲ့ပြီး ကျန်တံတားများကို ဆက်လက် တည်ဆောက်လျက်ရှိကြောင်း။

ကျောက်ချောလမ်း ၃၃ မိုင် ၄ ဖာလုံနှင့် ကတ္တရာလမ်း ၃ မိုင် ဆောင်ရွက်ပြီးစီးနေကြောင်း။

သောက်သုံးရေရရှိရေး

နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးက ရေခက်ခဲသောအပူပိုင်းဒေသတိုင်းသုံးတိုင်းရှိကျေးရွာအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိရေးကို ၁၀နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၁၉၉၉ခုနှစ် ဧပြီလတွင် လမ်းညွှန်မှာကြားခဲ့ကြောင်း။

လမ်းညွှန်ချက်အရ ကွင်းဆင်းစာရင်းကောက်ယူသည့်အခါ အပူပိုင်းဒေသတိုင်းသုံးတိုင်းတွင် ၈၀၄၂ရွာရှိပြီး အခြားပြည်နယ်နှင့်တိုင်း၁၄ခုတွင် ၁၅၁၈၃ ရွာရှိသဖြင့် တစ်နိုင်ငံလုံးတွင် ကျေးရွာပေါင်း၂၃၂၂၅ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိရေးဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ရေခက်ခဲသောအပူပိုင်းဒေသတိုင်းသုံးတိုင်းရှိ ကျေးရွာပေါင်း၈၀၄၂ရွာအနက် စီမံကိန်းကာလ စတင်သော ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ ကျေးရွာစုစုပေါင်း ၇၈၉၁ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်နိုင်ခဲ့သဖြင့် ၉၈ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်း၁၄ခုတွင်လည်း ဆောင်ရွက်ပေးရန်

ကြီးမားသည့် အောင်မြင်မှု

ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အထွက်တိုးသီးနှံများ တိုးချဲ့စိုက်ပျိုးမှု ပြုလုပ်နိုင်ကြသကဲ့သို့ အပိုဝင်ငွေအတွက် ရော်ဘာ၊လိမ္မော်၊လိုက်ချီး၊ နှင်းသီး၊ လက်ဖက်စသည့် နှစ်ရှည်စိုက်ခင်းကြီးများလည်း အကောင်အထည်ပေါ်လာပြီး ဤအခြေခံကောင်းများကြောင့် ဘိန်းစိုက်ပျိုးမှုကို ဒေသခံတိုင်းရင်းသားအများစုက စွန့်လွှတ်နေကြပြီဖြစ်၍ ကြီးမားသည့် အောင်မြင်မှုလည်းဖြစ်။

မိသားစုများ လတ်တလောရိက္ခာအခက်အခဲကိုဖြည့်ဆည်းပေးနိုင်ရန် အတွက် ၂၀၀၃ခုနှစ်မှစတင်ပြီး ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) နှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ WFPအနေဖြင့် ၂၀၀၃ခုနှစ်မှစတင်ပြီး ၂၀၀၆ခုနှစ်အထိ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၇၉၃သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၃၀၅၇၆ တန်ကို ကိုးကန့်ဒေသ၊ ‘ဝ’ဒေသ၊ ကွတ်ခိုင်၊ ကောင်းခါး၊ မုံးကိုး၊ ဖောင်းဆိုင်၊ တာမိုးညဲ၊ မန်တုံ၊ မန်ပန်၊ ဖယ်ခုံ၊ ပင်လောင်း၊ ဆီဆိုင်ဒေသများက ဘိန်းစိုက်ပျိုးစွန့်လွှတ်သည့် တိုင်းရင်းသားတောင်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း၊ ဤကဲ့သို့ ဖြန့်ဝေရာမှ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား အခမဲ့ထောက်ပံ့ခြင်း၊ ကျေးရွာအကျိုးပြုလုပ်ငန်း လုပ်ကိုင်သူများအား လုပ်အားခအဖြစ် ဆန်ထောက်ပံ့ပေးခြင်း၊ ကျောင်းတက်သည့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ဆန်ထောက်ပံ့ပေးခြင်း အစီအစဉ် သုံးမျိုးဖြင့် ထောက်ပံ့ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နန့်ရင်းချောင်းကူး ကျွန်းတောတံတား(မိုးကောင်း)ကို တည်ဆောက်ပေးခြင်းဖြင့် တိုင်းရင်းသားပြည်သူတို့ ကူးသန်းသွားလာရေး လုံခြုံချောမွေ့စေခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စာမျက်နှာ ၉ မှ

ယခု ဆက်လက်လည်း ၂၀၀၇ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ရိက္ခာမဖူလုံသော မိသားစုများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၇၃၉ သန်း တန်ဖိုးရှိသည့်ဆန်နှင့် စားနပ်ရိက္ခာ ၁၁၄၃၁၅ တန်ကို ထောက်ပံ့ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၀၅ခုနှစ် မတ်လတွင် ထိုင်းနိုင်ငံမှ WFP သို့ လှူဒါန်းသည့် ဆန်တန် ၁၀၀၀ကိုလည်း တာချီလိတ်မြို့မှ တစ်ဆင့် 'ဝ'ဒေသသို့လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာ-တရုတ်နယ်စပ်ရှိ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်တောင်သူများအတွက် လှူဒါန်းသည့် ယွမ်သန်း၃၀၊ မြန်မာငွေကျပ် ငါးဘီလီယံဖိုးခန့်ရှိသော ဆန်တန်ချိန် ၁၀၀၀၀ ကို ပန်ဝါ၊ လိုင်ဇာ၊ လောက်ကိုင်၊ ပန်ဆိုင်း၊ မိုင်းလားမှတစ်ဆင့် ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့် တောင်သူများသို့ လည်းကောင်း ဆက်လက်ဖြန့်ဝေပေးလျက်ရှိကြောင်း။

အစားထိုးဖွံ့ဖြိုးရေး

ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး(UNODC) နှင့် မူးယစ်ဗဟိုတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် 'ဝ'ဒေသအစားထိုးဖွံ့ဖြိုးရေးစီမံကိန်း Wa Alternative Development Project (WADP) စီမံကိန်းကို UNODC ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၉၉ သန်းဖြင့် ၁၉၉၈ ခုနှစ်မှစ၍ ၂၀၀၇ခုနှစ်အထိ 'ဝ'ဒေသ(တောင်ပိုင်း) မိုင်းပေါက်မြို့နယ်ခွဲအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာရေး၊ကျန်းမာရေး၊စားနပ်ရိက္ခာဖူလုံရေး၊ လူထုဖွံ့ဖြိုးရေး၊ အစားထိုးဝင်ငွေရရှိရေး၊ မူးယစ်ဆေးဝါးနှင့် AIDS ရောဂါ အသိပညာပေးရေး၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဘိန်းစိုက်ပျိုးမှု စောင့်ကြည့်လေ့လာရေးနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

လူ့စွမ်းရည်ဖွံ့ဖြိုးမှု

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ၁၉၉၄ခုနှစ်က စတင်ပြီး ၂၀၀၇ ခုနှစ်အထိ UNDPထည့်ဝင်ငွေ ၃၈ သန်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းအဆင့်ဆင့် ဆောင်ရွက်မှုအနေဖြင့် စီမံကိန်းအဆင့်တစ်မှ သုံးအထိ UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၁ဒသမ ၁သန်းဖြင့် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊မိသားစုဝင်ငွေ တိုးပွားရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

မိသားစုဝင်ငွေတိုးပွားရေး

စီမံကိန်းအဆင့်လေးကို ၂၀၀၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ မချမ်းဘော၊ တနိုင်း၊ မံစီ၊ မိုးမောက်မြို့နယ်များ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ ထန်တလန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များ၊ ရခိုင်ပြည်နယ် မြောက်ဦး၊ မင်းပြား၊ ကျောက်တော်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များ၊ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နှင့် မွန်ပြည်နယ် ကျိုက်မရော၊ ဘီးလင်း၊ ကျိုက်ထိုမြို့နယ်

မျှော်မှန်းဆောင်ရွက်

ခေတ်အဆက်ဆက် လူနေမှုအဆင့် နိမ့်ကျခဲ့ရသော ညီအစ်ကိုတိုင်းရင်းသားလူမျိုးအများစုကောင်းစားရေး၊ ယင်းတို့၏ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မျှော်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်ကို အမြဲမျက်ခြည်မပြတ်ရန် အရေးကြီးကြောင်းဖြင့် နိဂုံးချုပ်မှာကြားပြီး အစည်းအဝေးကို ညနေ၄နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

လယ်ယာ/ဆည်မြောင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေး စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၀၃-၂၀၀၄ ခုနှစ်မှ ၂၀၁၂-၂၀၁၃ခုနှစ်အထိ (၁၀)နှစ်စီမံကိန်းဖြင့် ရွှေ့ပြောင်းတောင်ယာများအစား ကုန်းမြင့်လယ်ယာများဖြင့် အစားထိုးဖော်ထုတ်သွားရန် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်သည်။ (၁၀)နှစ်စီမံကိန်း ရည်မှန်းဧကမှာ ဧက ၁၁၁၉၀၀ ဖြစ်သည်။

ကုန်းမြင့်ဒေသလယ်ယာမြေ ဖော်ထုတ်ရေးစီမံကိန်းအရ ယနေ့အထိ ချင်းပြည်နယ်၌ လျာထားဧက အပေါ်၂၈၅၉ ဧက၊ မကွေးတိုင်း၌ မူလလျာထားချက်မပါသော်လည်း ၂၀၁ ဧက၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လျာထား ဧက အပေါ် ၉၁၈၃ ဧက၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ မူလလျာထားချက် မပါသော်လည်း ၄၇၇၂ ဧက၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ လျာထားဧကအပေါ် ၄၄၃၅ ဧက ဖော်ထုတ်ပြီးဖြစ်ရာ စုစုပေါင်း ဧက ၂၁၄၅၀ကို ဖော်ထုတ်ပြီးဖြစ်ကြောင်း သိရှိရသည်။

သစ်တောရေးရာ

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့်လည်း ကုန်းမြင့်လယ်ယာ ဖော်ထုတ်ရေးတွင် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးလုပ်ငန်းကို ရည်ရွယ်ချက်(၄)ရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒေသများမှာ ကချင်ပြည်နယ်၌ မြစ်ကြီးနားခရိုင်နှင့် ဗန်းမော်ခရိုင်၊ ချင်းပြည်နယ်၌ ဖလမ်းခရိုင်၊ ရခိုင်ပြည်နယ်၌ ကျောက်ဖြူခရိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ တောင်ကြီးခရိုင်နှင့် လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ လားရှိုးခရိုင်၊ ကျောက်မဲခရိုင်၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ကျိုင်းတုံခရိုင်၊ မိုင်းဖြတ်ခရိုင်၊ တာချီလိတ်ခရိုင်တို့ဖြစ်ပြီး ပါဝင်သည့် မြို့နယ်စုစုပေါင်းမှာ ၂၂ မြို့နယ်ဖြစ်သည်။

ဆောင်ရွက်နိုင်ခဲ့

စီမံကိန်းလုပ်ငန်းများစတင်သည်မှ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတွင် ရွှေပြောင်းတောင်ယာစာရင်း ကောက်ယူမှုမှာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်သည်။ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၌ ၁၀၁၇၅ဧက လျာထားခဲ့ပြီး ၁၂၀၆၄ဒသမ ၅ဧကအထိ ဆောင်ရွက်နိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၁၁၉ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်ခဲ့သည်။

ရုပ်မြင်သံကြား အစီအစဉ်များ ထုတ်လွှင့်ပေးလျက်ရှိသော ချင်းပြည်နယ် ဟားခါးမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

နယ်စပ်ဒေသတွင် အဓိကကျသည့်နေရာများ၌ ရာသီမရွေးသွားလာနိုင်သည့်လမ်းများဖောက်လုပ်ပေးခဲ့ ကုန်စည်ကူးသန်းမှုပိုမိုဖြစ်ထွန်းကာ ဒေသဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းများရရှိနေ

စုစုပေါင်း ၂၆မြို့နယ်က ကျေးရွာပေါင်း၈၄၉ရွာ၌ ပညာရေး၊ ကျန်းမာရေး၊ ရေကောင်းရေသန့်ရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရရှိရေးလုပ်ငန်းများကို UNDP ထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆ဒသမ၉သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ကုန်းမြင့်ဒေသ လယ်ယာမြေဖော်ထုတ်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

မွေးမြူရေးလုပ်ငန်း

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက နယ်စပ်ဒေသ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လမ်း၊တံတားလုပ်ငန်း

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက လမ်း၊ တံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရေအားလျှပ်စစ်

ယင်းနောက် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အသေးစားရေအားလျှပ်စစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မြို့နယ်များ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နယ်စပ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို နိုင်ငံတော်က မွန်မြတ်သောစေတနာဖြင့် ငွေကြေးများစွာ အကုန်အကျခံဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

လူနေမှုမြင့်မားရေး

နိုင်ငံတော်၏ စေတနာနှင့်မျှော်မှန်းထားသည့်အတိုင်း နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာရန် အရေးကြီးကြောင်း။

ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်း လုပ်ငန်း၌ ၆၄ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။

သရုပ်ပြ စိုက်ပျိုးပညာပေးခြင်းလုပ်ငန်း၌ ကွန်တိုပေါင်ပြုလုပ်ခြင်း အပိုင်းတွင် ၃၈၈ရာခိုင်နှုန်း၊ သဘာဝမြေဩဇာ ပြုလုပ်ခြင်းအပိုင်းတွင် ၁၂၃ ရာခိုင်နှုန်း၊ သင်တန်းပို့ချခြင်း အပိုင်းတွင် ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်သည်။ မျိုးပင်ဖြန့်ဝေခြင်းလုပ်ငန်း၌ အပင် ၁၆သိန်းဖြန့်ဝေရန် လျာထားသည့်အနက် ၉၉ရာခိုင်နှုန်း ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

မွေး/ရေ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ မွေးမြူရေးလုပ်ငန်းများကို ၁၉၈၉ခုနှစ်မှစတင်၍ ရည်ရွယ်ချက်လေးရပ်ဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာ၌ စံပြမွေးမြူရေးခြံများ တည်ထောင်ဖွင့်လှစ်ခြင်း၊ တိရစ္ဆာန်ဆေးကု ဆရာဝန်များခန့်အပ်တာဝန်ပေးခြင်း၊ တိရစ္ဆာန်ဆေးကုအခြေစိုက်ရုံးများ ဖွင့်လှစ်ခြင်း၊ တိရစ္ဆာန်မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ မွေးမြူရေးပညာပေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းစသည့်လုပ်ငန်း အစီအစဉ်လေးရပ်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

အခမဲ့ဖြန့်ဖြူးပေးခဲ့

ငါးမွေးမြူရေးလုပ်ငန်း၊ ပျားမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်လည်း အားပေးပံ့ပိုးလျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသ တိုင်းရင်းကြက်၊ ဝက်မွေးမြူထုတ်လုပ်မှုဖွံ့ဖြိုးရေး စီမံချက်အရ နယ်စပ်ဒေသမြို့နယ် ၃၃မြို့နယ်၌ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ ကြက် ၄၈၇၆၈ ကောင်၊ ဝက် ၃၇၅၆ကောင်နှင့် ဆိတ် ၁၀ကောင်တို့ကို မွေးမြူရေးဘဏ်စနစ်ဖြင့် အခမဲ့ဖြန့်ဖြူးပေးခဲ့ကြောင်း သိရှိရသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အနေဖြင့် နယ်စပ်ဒေသ တစ်နိုင်ကြက်၊ ဝက်မွေးမြူရေး ဖွံ့ဖြိုးမှုလုပ်ငန်း စီမံချက်ကို ၂၀၀၇-၂၀၀၈ မှ ၂၀၀၉-၂၀၁၀ခုနှစ်အထိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆောက်လုပ်ရေး

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသလမ်းများ၊ နယ်စပ်ဒေသလမ်းများကို မြေလမ်းမှကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်ဆင့်တိုးတက် ကောင်းမွန်ရန်နှင့် လမ်းမပေါက်သေးသည့် ဒေသများကို လမ်းပေါက်ရန်နှစ်တို၊ နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ၁၉၈၉-၁၉၉၀ ဘဏ္ဍာနှစ်မှ ၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအထိ ဆောင်ရွက်ပြီး ကျေးလက်ဒေသ၊ နယ်စပ်ဒေသနှင့် ဆက်စပ်လျက်ရှိသော လမ်းလုပ်ငန်းများမှာ မြေလမ်း ၄၃၀၅ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၈၈၂ မိုင် ၆ ဖာလုံ၊ ကျောက်ခင်းလမ်း ၃၂၂၁ မိုင် ၆ ဖာလုံ၊ ကတ္တရာလမ်း ၂၂၉၅ မိုင်ဖြစ်ပြီး စုစုပေါင်းလမ်းအရှည်မှာ ၁၀၇၀၄မိုင် ၅ဖာလုံဖြစ်သည်။

တံတားလုပ်ငန်းအနေဖြင့် တံတားကြီး ၁၅၆ စင်း၊ တံတားငယ် ၁၀၃၁ စင်း၊ ကြိုးတံတားအစင်း ၅၀ ဖြစ်ပြီး တည်ဆောက်ပြီး တံတားစုစုပေါင်းမှာ ၁၂၃၇စင်းဖြစ်သည်။

လျှပ်စစ်(၁)

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ ကျေးလက်ဒေသများ လျှပ်စစ်မီး တိုးတက်ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသများ လျှပ်စစ်မီးတိုးတက်ရရှိရေး ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိသော တစ်ပိုင်တစ်နိုင် အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက်နိုင်စွမ်းအခြေအနေများ စူးစမ်းလေ့လာခြင်း၊ လိုအပ်ပါက ဒီဇိုင်းပုံစံထုတ်လုပ်ပေးခြင်းနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ဖြစ်မြောက်နိုင်စွမ်းရှိသော အသေးစားရေအားလျှပ်စစ်လုပ်ငန်းများအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ကီလိုဝပ် ၁၀၀မှ ၁ မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်း ၁၃၁ခု၊ ၁မဂ္ဂါဝပ်မှ ၂ မဂ္ဂါဝပ်အထိဓာတ်အား ထုတ်လုပ်နိုင်မည့် စီမံကိန်း ၃၀ခု၊ ၂ မဂ္ဂါဝပ်မှ ၅ မဂ္ဂါဝပ်အထိ ဓာတ်အားထုတ်လုပ်နိုင်မည့် စီမံကိန်း ၂၄ခု ဖြစ်ပြီး စုစုပေါင်း ရရှိနိုင်မည့်ဓာတ်အားမှာ မဂ္ဂါဝပ် ၁၉၀ခန့် ဖြစ်သည်။

ထပ်မံစူးစမ်းလေ့လာချက်များအရ အကောင်အထည်ဖော်သွားနိုင်မည့် အသေးစားရေအားလျှပ်စစ် စီမံကိန်းများမှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်အတွင်းရှိ စီမံကိန်းများ ဖြစ်သည်။

စီမံကိန်းအရေအတွက် စုစုပေါင်း ၁၈ခုဖြစ်ပြီး ဓာတ်အားမဂ္ဂါဝပ် ၃၀ခန့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ)သင်တန်းသားများအား တွေ့ဆုံမှာကြား

နေပြည်တော် မတ် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖွင့်လှစ်လျက်ရှိသည့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ်(၁/၂၀၀၇)တွင် တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ပြန်ကြားရေးဝန်ကြီးဌာနမှအရာထမ်း၊အမှုထမ်းများ၊ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ရည်ရွယ်ချက်သုံးရပ်

တွေ့ဆုံပွဲတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ဤသင်တန်းကို ရည်ရွယ်ချက်သုံးရပ်ဖြင့် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ကြောင်း၊ ပထမ ရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဖြစ်ကြောင်း၊ ယနေ့ခေတ်သည် သတင်းအချက်အလက်နည်းပညာခေတ်ဖြစ်ကြောင်း၊အနာဂတ်ကို ကြိုတင်မျှော်တွေးပြီး မိမိတို့၏ မီဒီယာလုပ်ငန်းများ ခေတ်မီတိုးတက်လာအောင် မိမိတို့တွင်ရှိသည့် ပစ္စည်းများဖြင့် လိုက်လျောညီထွေစွာ ဆောင်ရွက်တတ်ရန်လိုကြောင်း၊ ထို့အပြင် ပြည်သူများနှင့် နီးကပ်စွာ ထိတွေ့ရသည့် ဝန်ထမ်းများဖြစ်သဖြင့် ပြည်သူများကို မှန်ကန်စွာ စည်းရုံးဆွေးနွေး ဟောပြောတတ်ရန် လိုအပ်ကြောင်း၊ စာတမ်း၊ နံရံကပ်စာစောင်၊ လက်ကမ်း စာစောင်များ ရေးသားဖြန့်ဝေနည်းကိုလည်းကျွမ်းကျင်ရန်လိုကြောင်း၊ စည်းရုံးရေးမှူးကောင်းတစ်ဦး၊ တည်ဆောက်ရေးမှူးကောင်းတစ်ဦးဖြစ်လာရန် ကြိုးစားကြရန်လိုကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မိမိ၏ အားနည်းချက်များကို လျှော့ပါးပြီး အားသာချက်များ တိုးတက်နေအောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာအောင် မီဒီယာလက်နက်ဖြင့် စည်းရုံးတတ်ရန်လိုအပ်ကြောင်း၊ ထို့အပြင် အဖျက်သမားများ၏ အန္တရာယ်ကိုလည်း မီဒီယာနည်းဖြင့် တိုက်ဖျက်ချေမှုန်းတတ်ရန်လိုကြောင်း။

စည်းရုံးကြိုးပမ်း

ဒုတိယရည်ရွယ်ချက်မှာ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ၊ အရည်အသွေးပိုင်းဆိုင်ရာ မြင့်မားရေးဖြစ်ကြောင်း၊ အခြေခံလိုအပ်ချက်မှာ မျိုးချစ်စိတ်ဓာတ်ပင်ဖြစ်ကြောင်း၊ မိမိတို့ ဒေသအသီးသီးရှိ ပြည်သူများတွင် ပြည်ထောင်စုကို ချစ်သည့်စိတ်၊ နိုင်ငံကို ချစ်သည့်စိတ် တိုးပွားလာအောင် စည်းရုံးကြိုးပမ်းတတ်ရန်လိုကြောင်း။

မှာကြား

တတိယရည်ရွယ်ချက်မှာ ဝန်ကြီးဌာန၏ ရည်ရွယ်ချက်တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့၏ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၀၇-၂၀၀၈ခုနှစ်ရည်မှန်းချက်တာဝန် (၈)ရပ်ရှိကြောင်း၊ယင်းတို့အထဲမှ အရေးကြီးသော အချက်နှစ်ချက်ကို ရွေးနုတ်ပြီး မှာကြားလိုကြောင်း။

ပကတိအခြေအနေ

ပထမအချက်မှာ ဖွင့်လှစ်ပြီးဖြစ်သော ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရန်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်ဒေသများတွင် ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းမှာ ကြီးမားသော အောင်မြင်မှုပင် ဖြစ်ကြောင်း၊ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသည် အမျိုးသားရေးလိုအပ်ချက်ဖြစ်ကြောင်း၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အချက်ငါးချက်ဖြင့် ညီညွတ်ရန်လိုကြောင်း၊ ထို့အပြင် အားငါးအားကို ရယူရန်လိုကြောင်း၊ ယင်းတို့မှာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်း၏အား၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အား၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အား၊ ပြည်သူ့အားနှင့် မိမိဌာန၏အားတို့ပင်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများကိုစည်းရုံးသည့်အခါ ပကတိအခြေအနေများကိုသိရှိအောင် စည်းရုံးရှင်းပြတတ်ရန်လိုကြောင်း။

တိုက်တွန်းပြောကြား

နောက်တစ်ချက်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းများ ထက်မြက်သွက်လက်လာအောင်၊ အရည်အသွေး မြင့်မားလာအောင် ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ နိဂုံးချုပ်အနေဖြင့် သင်တန်းသား သင်တန်းသူများအနေဖြင့် အရာရာကို စေတနာထား ဆောင်ရွက်ကြရန်၊ သင်တန်းတွင် သင်ကြားပို့ချသော သင်ခန်းစာများကို ကြိုးစားသင်ယူပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိအောင်၊ ထိရောက်မှုရှိအောင် ကြိုးစားသွားကြပါဟု တိုက်တွန်းပြောကြားသွားသည်။

ထောက်ပံ့ကြေးပေး

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက သင်တန်းသားသင်တန်းသူများအတွက် ထောက်ပံ့ကြေးငွေများကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားခေါင်းဆောင်အား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ သင်တန်းသား သင်တန်းသူ ၆၀ တို့ တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း (အရာရှိ) အမှတ်စဉ်(၁/၂၀၀၇)တွင် တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးရာဌာနကြီးမှူး ခန္တီးမြို့၌ အမျိုးသမီးရေးရာ သိမှတ်ဖွယ်ရာဟောပြော တက်ရောက်လာသူအမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေး

နေပြည်တော် မတ် ၂၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ မတ် ၁၉ ရက် ညပိုင်းက ခန္တီးမြို့ အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပသည်။

ဟောပြောဆွေးနွေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိမှတ်ဖွယ်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဟောပြောဆွေးနွေးသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အိပ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ်ရောဂါအကြောင်းကို လည်းကောင်း၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်တင်တင်ညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက ခန္တီးမြို့ နားမေတ္တာရပ်ကွက်မှ သုံးမြွာပူးမွေးဖွားသည့် ကလေးမိခင် မယန်တိုက်အား ထောက်ပံ့ငွေနှင့် ဆေးဝါးများ၊ နို့မှုန့်များကို ပေးအပ်သည်။ ထို့နောက် အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့သော ဝတ်စုံများ၊ စာအုပ်စာစောင်များ၊ မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊လင်ဇီးစသော တိုင်းရင်းဆေးဝါးများကို ခန္တီးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့သို့ ပေးအပ်သည်။

လက်ဆောင်ပစ္စည်းပေးအပ်

ထို့နောက် ခန္တီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီမြင့်က စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌထံ အမျိုးသမီးရေးရာ အဆိုပြုလွှာကို ပေးအပ်ရာ တိုင်းဥက္ကဋ္ဌက လက်ခံပြီး အသိအမှတ်ပြုကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များကို ပြန်လည်ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာသည့် ကလေးမိခင်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီး စသော တိုင်းရင်းဆေးဝါးများနှင့် လက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

စကားဝိုင်းဆွေးနွေး

ဆက်လက်၍ တက်ရောက်လာသူ အမျိုးသမီးများနှင့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက် ပြုလုပ်ရာ ရင်းနှီးပွင့်လင်းစွာအပြန်အလှန်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များသည် မတ် ၂၀ရက် နံနက်ပိုင်းတွင် ခန္တီးမြို့ သီလရှင်စာသင်တိုက်သို့ရောက်ရှိပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ၊ မုန့်ချို၊ ရုပ်ပျို၊ အေးငြိမ်းသီတာ၊လင်ဇီးစသော တိုင်းရင်းဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟောပြော

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ ခန္တီးမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ဟောပြောပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

ကန်တော်လေး ထီးတန်းဓမ္မာရုံအသင်းကြီး ထေရဝါဒဗုဒ္ဓတရားပွဲ

ရန်ကုန် မတ် ၂၈

မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် ဓမ္မာရုံလမ်းရှိ ထီးတန်းဓမ္မာရုံကြီးရှေ့ တရားမဏ္ဍပ်၌ မတ်၂၉ရက်(ကြာသပတေးနေ့)တွင် ဘဒ္ဒန္တမာလာစာရ (မိုးကုတ်ဆရာတော်)၊ မတ် ၃၀ရက် (သောကြာနေ့)တွင် ဘဒ္ဒန္တကုလန္ဒာစာရ (သန်လျင်ဆရာတော်)၊ မတ်၃၁ရက် (စနေနေ့)တွင် ဘဒ္ဒန္တဝါသေဋ္ဌ(ပဋ္ဌာန်း ဆရာတော်)၊ ဧပြီ၁ရက်(တနင်္ဂနွေနေ့) တွင် အရှင်အာစာရလင်္ကာရ(ကိုးဘွဲ့ရ ဆရာတော်)၊ ဧပြီ၂ရက် (တနင်္လာနေ့)တွင် အရှင်သီရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဧပြီ၃ရက်(အင်္ဂါနေ့)တွင် အရှင်သုဇာတ(မဟာစည်မေတ္တာအေး ဆရာတော်)နှင့် ဧပြီ၄ရက်(ဗုဒ္ဓဟူးနေ့)တွင် အရှင်ကောသလ္လ(ဓမ္မစေတီဆရာတော်)အရှင်သူမြတ် ခုနစ်ပါးတို့က ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ **(က-ပ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းအား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာချင်ကွမ်းရုန်နှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းငွေနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပုဂံ-ညောင်ဦးမြို့မှ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်၌ ချစ်ကြည်ရေးခရီးဆက်လက်လည်ပတ်ရန် ယနေ့နံနက်ပိုင်းက အဲယားပုဂံလေယာဉ်ဖြင့် ပုဂံ-ညောင်ဦးမြို့မှ နေပြည်တော်သို့ထွက်ခွာကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပုဂံ-ညောင်ဦး လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက်၈နာရီ ၃၅မိနစ်တွင် နေပြည်တော်သို့ရောက်ရှိကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Guan Mu တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

ကိုရီးယားသမ္မတနိုင်ငံသံအမတ်ခန့်အပ်ရန်သဘောတူ

နေပြည်တော် မတ် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာလီဂျူဟွမ်းနေရာတွင် မစ္စတာပတ်ကေးချုံအား ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စတာပတ်ကေးချုံသည် ၁၉၅၃ခုနှစ် ဖေဖော်ဝါရီ၂ရက်တွင် မွေးဖွားခဲ့သည်။ ၁၉၇၆ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်အမျိုးသားတက္ကသိုလ်မှ စီးပွားရေးဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ရရှိပြီး ၁၉၇၈ခုနှစ်တွင် ဆိုးလ်အမျိုးသားတက္ကသိုလ် ပြည်သူ့အုပ်ချုပ်ရေးဘွဲ့သင်တန်းကျောင်း၌ လေ့လာဆည်းပူးခဲ့သည်။ ၁၉၈၆ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုနိုင်ငံ ဟားဗတ်တက္ကသိုလ်မှ ပြည်သူ့ဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဝိဇ္ဇာဘွဲ့ကို ရရှိပြီး ၁၉၉၄ ခုနှစ်တွင် အင်္ဂလန်ရှက်ဖီးလ်တက္ကသိုလ်မှ နိုင်ငံရေးဘာသာရပ်ဖြင့် ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ ဝန်ကြီးချုပ်ရုံး ကြေးနန်းဆက်သွယ်ရေးမူဝါဒဆိုင်ရာ စီမံကိန်းနှင့်ညှိနှိုင်းရေးဌာန၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ၁၉၈၀ပြည့်နှစ် မေလတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်မှစ၍ မစ္စတာပတ်ကေးချုံသည် ဝန်ကြီးချုပ်ရုံးတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာပတ်ကေးချုံသည် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးချုပ်ရုံး ဥပဒေရေးရာပြုပြင်ပြောင်းလဲရေး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ခုနှစ် ဧပြီလမှစ၍ ဝန်ကြီးချုပ်ရုံး ပေါ်လစီရေးရာစီမံကိန်းနှင့်စီမံခန့်ခွဲရေး ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာပတ်ကေးချုံသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၉-၃-၂၀၀၇ ရက် (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅	၆။	အတီးပြိုင်ပွဲ
၈:၁၀	၇။	အကပဒေသာ
၈:၂၀	၈။	တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀	၅။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၀	၆။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၇:၁၅	၇။	တေးဂီတအစီအစဉ်
၁၇:၃၀	၈။	Discovery
၁၇:၄၀	၉။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သီရိဂေဟာ
၁၉:၀၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ်ရွက်ကလေး၏ ရင်ခုန်သံ"** (အပိုင်း-၁၀)
၁၉:၄၅	၁၄။	ပြည်သူ့အတွက်တပ်မတော် (နိုင်ငံ့အင်အား လမ်းနှင့်တံတား)
၂၀:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာနွေဦး"** (အပိုင်း-၂၃)
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မတ် ၂၈

၂၀၀၇ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း အမျိုးသား၊ အမျိုးသမီးစားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရေတပ်စခန်းဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန် တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

တံခွန်စိုက်ဒိုင်းဆုရရှိ

အဆိုပါ ပြိုင်ပွဲတွင် အမျိုးသားအသင်း ၁၃ သင်းနှင့် အမျိုးသမီးအသင်း ၁၃သင်းတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ အမျိုးသား အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုနှင့်အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုတို့ကို ရေတပ်စခန်းဌာနချုပ် အသင်းက ရရှိသွားသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲ အမျိုးအစားအလိုက် အကောင်းဆုံးအားကစားသမားဆုနှင့် တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်းဆုရ ရေတပ်စခန်းဌာနချုပ် အသင်းအား ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်က ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုနှင့်ထောက်ပံ့ငွေချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၈

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက်(၇၅)နှစ်နှင့် အထက်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားထောက်ပံ့ငွေချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ အနော်ရထာလမ်းရှိ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့်(အငြိမ်းစား)**(အောက်ပုံ)**၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့က အမှာစကားပြောကြားကြသည်။

ဂုဏ်ပြုချီးမြှင့်

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အသက်(၇၅)နှစ်နှင့် အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်၂၅ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အဖွဲ့ဝင်များ၏ သားသမီးများအနက် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ကြသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ဂုဏ်ပြုဆုငွေနှင့်ထောက်ပံ့ငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။ **(သတင်းစဉ်)**

မန္တလေးအထွေထွေရောဂါကုဆေးရုံနှင့် ရတနာပုံဈေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုအားပေး၊ အမှိုက်များစနစ်တကျစွန့်ပစ်ရေး မှာကြား

ရန်ကုန် မတ် ၂၈

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးဝင်း အတွင်း၊ အပြင်နှင့် အဆင့်မြင့် ရတနာပုံဈေး ပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို မတ် ၂၂ရက်က ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၊အပြင်စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေကြသည့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုစုပေါင်းအင်အား ၁၅၀၀ တို့က ဆေးရုံကြီးဝင်းအတွင်း၊ အပြင်ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ စုပေါင်းဆယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြားရှိ အဆင့်မြင့် ရတနာပုံဈေးသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မန္တလေးတိုင်း (စည်ပင်သာယာနယ်မြေ)မှ စစ်မှုထမ်းဟောင်းများ၊ ဈေးသူဈေးသားများနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်းအင်အား ၂၀၀၀ တို့က ရေမြောင်းများ ဆယ်ယူနေမှု၊ အမှိုက်သရိုက်များ ရှင်းလင်းနေမှုတို့ကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများအား ပြင်ပဈေးဆိုင်ခန်းများအနေဖြင့် လုံခြုံရေးဂရုပြုဆောင်ရွက်ရေး၊ စနစ်တကျခင်းကျင်းရောင်းချရေး၊ ရေမြောင်းများအတွင်းသို့ အမှိုက်များ စွန့်ပစ်မှုမရှိစေရေး၊ သတ်မှတ်နေရာများတွင် စည်းကမ်းတကျစွန့်ပစ်ရေးနှင့် အဆင့်မြင့်ဈေးကြီး၏ အင်္ဂါရပ်နှင့်အညီ နေ့စဉ်သန့်ရှင်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရေး မှာကြားပြီး ရတနာပုံဈေးအပေါ်ထပ်ရှိ ဈေးဆိုင်ခန်းများ ခင်းကျင်းရောင်းချနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံခင်းမြို့နယ်အသင်း နိဗ္ဗာန်ဈေးပွဲတော်

ရန်ကုန် မတ် ၂၈

ကြံခင်းမြို့၌ နှစ်စဉ်ကျင်းပသောနှစ်ဆန်း(၁)ရက်နေ့ (၄၉)ကြိမ်မြောက် ရွှေရတုအကြို နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၁၇ ရက်နေ့၌ ကျင်းပမည်ဖြစ်ရာ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှစေတနာရှင်များ အစုအဖွဲ့လိုက်အလှူရှင်များ(ရန်ကုန်)မှစတုဒိသာ ရွှေရင်အေးဖြင့် သွားရောက်လှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

သင်္ကြန်ရက်များအတွင်း သက်ကြီးပူဇော်ပွဲ၊ ငါးလွှတ်ခြင်းနှင့် အဘိုးအဘွားများအား ခေါင်းလျှော်၊ လက်သည်းခြေသည်းများ လှီးဖြတ်ပေးခြင်းတို့ဖြင့် ကုသိုလ်ယူကြမည်ဖြစ်သည်။

ကြံခင်းမြို့သို့ လိုက်ပါလိုသူများ ဧပြီ၂ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး စန်းလွင် (ငြိမ်း) ဖုန်း-၆၃၆၇၈၀၊ အတွင်းရေးမှူးဦးစိန်ငွေ ဖုန်း-၂၅၆၇၈၄၊ ၀၉-၅၁၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၅၄၁၀၆၅၊ အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၆၅၁၂၄၇ နှင့်အမှုဆောင်ဒေါက်တာကျော်စိုးလင်း ဖုန်း-၀၉-၉၉-၂၁၄၀၁တို့သို့ ဆက်သွယ်နိုင်ပြီး ဧပြီ ၁၂ရက် ညနေ ၆နာရီတွင် အောင်ကျော်မိုးကားဂိတ်၊ အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းသို့ အရောက်လာရမည်ဖြစ်သည်။ **(က-ပ)**

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါ ဦးဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မတ် ၂၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာသွားသည်။ **(အောက်ပုံ)**

ပို့ဆောင်နှုတ်ဆက်

အဆိုပါ မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးမှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝိသုံဂါမသိမ်တော်မြတ်ဆောက်လုပ်ရန်ပါဝင်လှူဒါန်းနိုင်

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၈)တွင် တည်ရှိသော စူဠာမုနိပရိယတ္တိစာသင်တိုက်ဝင်းအတွင်း ဗုဒ္ဓသာသနအဘိသိရိဝိသုံဂါမသိမ်တော်မြတ်ကြီးကို စေတနာရှင်များ စုပေါင်းပြီး တည်ဆောက်လျက်ရှိရာ ရပ်ဝေး၊ ရပ်နီးမှ ဓမ္မမိတ်ဆွေအပေါင်း ကုသိုလ်ပါဝင်လိုပါက စူဠာမုနိဆရာတော် ဘဒ္ဒန္တဂုဏဝံသာလင်္ကာရ(လူမှုထူးချွန်ဒုတိယအဆင့်) ဖုန်း-၀၉-၅၂၁၂၁၇၅၊ ဦးသန်းဝင်း ပြည်နယ်မန်နေဂျာ၊ လူမှုဖူလုံရေးရုံး ဖုန်း-၀၈၁-၂၁၂၆၇နှင့် ဗိုလ်ကြီးနိုင်ထွန်း(ငြိမ်း) ကိုယ်ပွား သတင်းစာတိုက် တောင်ကြီး ဖုန်း-၀၈၁-၂၁၁၆၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဟဲဟိုးမြို့ လောကစက္ကူသဗ္ဗညု ရွှေသာလျောင်းဘုရား ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဟဲဟိုးမြို့ လေသာတောင်ပေါ်တွင် တည်ထားကိုးကွယ်ထားသည့် လောကစက္ကူသဗ္ဗညုရွှေသာလျောင်းဘုရားကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို မတ် ၂၉ ရက်မှ ဧပြီ ၁ ရက် အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ရဟန်းရှင်လူအပေါင်း ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။

သက်တော်ရာပြည့်ဆရာတော် ဂုဏာပူဇာသဘင်

မကွေးတိုင်း မြို့သစ်မြို့နယ် နွားလှကျေးရွာ သာသနာ့ဦးသျှောင်သိမ်ကုန်းကျောင်း ဦးစီး ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဦးသုစိတ္တ၏ သက်တော်ရာပြည့် ဂုဏပူဇာသဘင်ကို မတ် ၆ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။ ဆရာတော်သည် သက်တော် (၁၀၀)၊ ဝါတော် (၈၁)ဝါ ဖြစ်ပြီး ကျေးရွာ တာဝန်ရှိသူများနှင့် ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမများက ပူဇော် ကျင်းပကြသည်။

ပုပ္ပား(၂) မိုးကုတ်ရိပ်သာ ၁၀ရက် တရားစခန်းပွဲ

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ လစဉ် ၁၀ရက်တရားစခန်းပွဲ ဖွင့်လှစ်လျက်ရှိရာ (၁၄၉) ကြိမ်မြောက် သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၂ရက်မှ ၂၁ရက် အထိ ဖွင့်လှစ်မည်ဖြစ်ပြီး (နှောင်းတန်ခူးလပြည့်ကျော် ၁၀ရက်) ဧပြီ ၁၁ရက် ညနေအရောက် လာကြရမည်ဖြစ်သည်။

တရားစခန်းပွဲတွင် ပုပ္ပား(၂) မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ LL.B)၊ ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ရိပ်သာဆရာတော် ဘဒ္ဒန္တဇာဂရ (ဓမ္မာစရိယ၊ မဟာဓမ္မာစရိယ)တို့က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဟောကြားမည်ဖြစ်ရာ ယောဂီများ အနေဖြင့်လူကိုယ်တိုင်ဖြစ်စေ၊ဖုန်း-၆၉၀၀၅၉ သို့ဖြစ်စေ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

ရေစကြိုဆရာတော် ဓမ္မဒူတခရီး

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသသည် ပဏ္ဍာသမဏ ဦးနရပတိနှင့် ကပ္ပိယကာရက ဦးစောကြိုင်တို့ လိုက်ပါလျက် မတ်၂၈ရက်မှ၂၉ရက်အထိ မန္တလေးသို့လည်းကောင်း၊ မတ်၃၀ရက်မှ ဧပြီ၈ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနား ဖားကန့်၊ မံုကျေးရွာ၊ ဆိပ်ပူကျေးရွာ၊ မော်မောင်းလယန်၊ ရှုရော်ခ၊ တာမခံ၊ ဟောင်ပါး၊ ဝှေခါ၊ မော်သစ်ကုန်း၊ လုံးခင်းကျေးရွာ၊ မိုးကောင်းမြို့များသို့ ဓမ္မဒူတခရီးကြွရောက်မည်ဖြစ်သည်။ ဆရာတော်သည် ဧပြီ ၁ရက်တွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မော်ဝီစာကျေးရွာ၊ စန္ဒာမုနိ ဆုတောင်းပြည့်စေတီတော်မြတ် ရွှေထီးတော်တင်လှူပွဲနှင့် သီရိ ရတနာစိမ်းဓမ္မရိပ်သာဗိမာန်တော် ရေစက်ချပွဲတို့တွင် ဦးဆောင်၍ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲ ချင်းပြည်နယ်တွင်ကျင်းပ

ချင်းပြည်နယ် ဟားခါးမြို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဟောပြောပွဲ အခမ်းအနားကို မတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်အတွင်းရေးမှူး ဦးတင်မြင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးအောင်ဝင်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အဓိကတာဝန်ကြီးလေးရပ်နှင့် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင်သူများ သိရှိလိုက်နာစေရမည့် စည်းကမ်းများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးနေဝင်းနှင့် ချင်းပြည်နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးဟောပြောကြကြောင်း သိရသည်။

လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်း

လယ်တီဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် သြဝါဒါစရိယဆရာတော်ကြီးများ၏ သြဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၆) ကြိမ်မြောက် လယ်တီဝိပဿနာခုနစ်ရက် တရားစခန်းကို ဧပြီ ၁ရက်မှ ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

စာကြည့်တိုက်ခိုင်မာရေး ကျိုက်မရောတွင် ဆွေးနွေး

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းနှင့် ကျိုက်မရောမြို့နယ် ဒုတိယဦးစီးမှူးဒေါ်ခင်မြင့်စီနှင့်အဖွဲ့သည် မတ်၃ရက်က ကျိုက်မရောမြို့နယ် ပိန်းနဲကုန်း၊ ခနောင်နှင့် ရေတွင်းကုန်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး စာကြည့်တိုက် ခိုင်မာရှင်သန်ရေး ကိုယ်ပိုင်အဆောက်အအုံဖြစ်မြောက်ရေးအတွက် ကျေးရွာအတွင်းရှိ အဆောက်အအုံဖြစ်မြောက်ရေးကော်မတီဝင်များနှင့် တွေ့ဆုံပြီး အဆောက်အအုံ အမြန်ဆုံး ဆောက်လုပ်နိုင်ရန် နည်းလမ်းများနှင့် စာကြည့်တိုက် ထိန်းသိမ်းမှုစနစ်များကို ဆွေးနွေးပြသပေးခဲ့ကြောင်း သိရသည်။

မေတ္တာဂုဏ်ရည် ဆရာတော်ဓမ္မအလှူတော်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂)ရပ်ကွက် မင်းလက်ဝါးလမ်း မေတ္တာဂုဏ်ရည်သာသနာ့ရိပ်သာ ပဓာန နာယကအရှင်ဝိဇယ (ကျောက်ပန်းတောင်း)အရှင်သူမြတ်သည်မကွေးတိုင်း ချောက်မြို့နယ် ဆားတောင် မဟာစည်သာသနာ့ရိပ်သာ၌ ဧပြီ ၁ရက်မှ ၁၁ ရက်အထိ ညစဉ် ၇ နာရီအထိလည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ ကျောင်းစုရွာ ဓမ္မသဘင်၌ ဧပြီ ၁၄ရက်နှင့် ၁၅ရက်တွင် တလိုင်းကန်ရွာ ဓမ္မသဘင်နှင့် ဧပြီ ၁၆ရက်တွင်ငှါသရောက်ရွာဓမ္မသဘင် တို့၌လည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။

အမျိုးသမီးရေးရာ ပညာပေးဟောပြော

အမျိုးသမီးရေးရာ ပညာပေးဟောပြောပွဲကို မတ်၁၀ရက် နံနက်က မန္တလေးတိုင်း ချမ်းမြသာစည် မြောက်ရပ်ကွက် အကွက် ၈၆၀ သီရိမင်္ဂလာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းငွေ အမှာစကား ပြောကြားပြီး တိုင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက အသိပညာပေး ဟောပြောကြသည်။ ထို့နောက် တက်ရောက်လာကြသူများ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဝေဠုဝန် ဝန်ထမ်းအိမ်ရာနေ
ဦးဘုန်းမြင့်(ညွှန်ကြားရေးမှူး၊မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-
ဒေါ်သင်းသင်းဝေတို့၏သား

မောင်ရဲဘုန်းမြင့် B.A (English)

နှင့်

ပဲခူးမြို့၊ ထန်းတပင်(၁)လမ်း၊ အမှတ် ၁၉၀၃ နေ
ဦးစိုးအုန်း-ဒေါ်မြမြသန်းတို့၏သမီး

မဇင်ဝေဖြိုး

B.A (English) YUFL, ACCA (Final)

တို့သည် ၂၇-၃-၂၀၀၇ရက်တွင် ပဲခူးမြို့၌
နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်ဖြင့်
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ရဲဘုန်းမြင့်-မဇင်ဝေဖြိုး။

Golden Star
Ph: 544383, 09-5172634

BAHOSI & YeThu Aung
April 13 200000Ks
April 13 140000Ks
April 12,13 100000Ks
April 12,14 70000Ks
Please Contact: 01.241180

အမည်ပြောင်း

သရက်မြို့ အလက(၃) အဌမတန်း(A)မှ ဦးမြင့်လှိုင်-ဒေါ်တင်တင်ခိုင်တို့၏သမီး မခင်ပပလှိုင်အား မခိုင်အေးငြိမ်းဟု ပြောင်းလဲခေါ်ပါရန်။

မခိုင်အေးငြိမ်း။

အမည်ပြောင်း

သရက်မြို့ အလက(၃) စတုတ္ထတန်းမှ ဦးမြင့်လှိုင်-ဒေါ်တင်တင်ခိုင်တို့၏သမီး မသိမ့်သရဖီလှိုင်အား မထူးသဥ္ဇာနွယ်ဟု ပြောင်းလဲခေါ်ပါရန်။

မထူးသဥ္ဇာနွယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Paing Aung Trading Co., Ltd. တို့ ပူးပေါင်း၍
မဟာသင်္ကြန်အကြို ဈေးရောင်းပွဲတော်

Golden Hope

KMD (မြေနီကုန်း) Computer Centre
:: i-Office :: Introduction to Internet :: Email & Web Design :: Desktop Publishing
:: Graphics Design :: Practical A+ :: Practical Network :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

Diary Travels & Tours
APR 12, 13 18
Hotel, Air-con Express, Restaurant
Phone-226009, 09 5101806

ROB-B-HOOD
DHOOM - 2
BLOOD DIAMOND
CURSE OF THE GOLDEN FLOWER

Translation

Marketing, HRM, Business Management, Travel Tourism & Hospitality
ABE Certificate Level
ABE Diploma Level I
ABE Diploma Level II
ABE Adv Diploma Level
Discount Card
31.3.07 (Saturday), 9 to 5, Myanmar Info-Tech Conference Hall

အများသိစေရန်ကြေညာခြင်း

ကျွန်မ ဒေါ်စန္ဒာချို (BHN-019549) (ဘ)ဦးမြင့်ကြည်မှ ဒေါ်ခင်အေးကြူ (L/RGN-032744) (ဘ)ဦးဘဇင်သို့ ၂၂-၁၂-၂၀၀၄ရက်တွင် လွှဲအပ်ခဲ့သော (General Power)ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စန္ဒာချို
၉၂၊ သံလွင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အဲရိုး(မြား)ဝန်ဆောင်မှုကုမ္ပဏီနှင့်လုံးဝပတ်သက်ခြင်းမရှိကြောင်း အများသိစေရန်ထပ်မံကြေညာခြင်း

အမှတ် ၂၇၂၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ဓနလှိုင်တာဝါရှိ အခန်းအမှတ် ၁၀၄သည် မြေနှင့်အဆောက်အအုံပိုင်ရှင်ဖြစ်သော ဦးသိန်းဖေ-ဒေါ်သန်းသန်းတို့ပိုင်သော အခန်းဖြစ်ပါသည်။ ၎င်းအခန်းသည် အဲရိုး(မြား)ဝန်ဆောင်မှုကုမ္ပဏီနှင့် လုံးဝပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ထပ်မံကြေညာပါသည်။ ၎င်းအခန်းအား ယနေ့အချိန်အထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း လုံးဝမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးသိန်းဖေ-ဒေါ်သန်းသန်း
(အခန်းပိုင်ရှင်)
အခန်းပိုင်ရှင်၊ မြေနှင့်အဆောက်အအုံပိုင်ရှင်
ဓနလှိုင်တာဝါ၊
တိုက်အမှတ် ၂၇၂၊ ပြည်လမ်း၊
မြေနီကုန်း(မြောက်)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

ခရီးသည်တင်အမြန်ယာဉ်များမဆင်မခြင်မောင်းနှင်မှုကြောင့် ကလောမြို့နယ်နှင့်ပဲခူးမြို့နယ်တို့၌ယာဉ်မတော်တဆမှုနှစ်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၈

တောင်ကြီးမှ ရန်ကုန်သို့ ပြေးဆွဲနေသော ရဲသူအောင် ခရီးသည်တင်အမြန်ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးထွန်းညို မောင်းနှင်သည့် ယာဉ်အမှတ် ၃ခ/၈၉၇၂သည် ၂၀၀၇ခုနှစ် မတ် ၂၇ ရက် ညနေ၄နာရီခန့်တွင် မိုင်တိုင်အမှတ်(၄၈/၄၉) ထနောင်းပင်ကွေ့၌ ကားဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘယ်ဘက်ချောက်အတွင်းသို့ ပေ ၁၀၀ ခန့် ပြုတ်ကျတိမ်းမှောက်သွားခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာသည့် သံဃာတော်တစ်ပါး၊ အမျိုးသား သုံးဦးနှင့် အမျိုးသမီးလေးဦး စုစုပေါင်း ရှစ်ဦး သေဆုံးပြီး ခရီးသည်၃၇ဦး ဒဏ်ရာရရှိသွားသဖြင့် ကလောပြည်သူ့ဆေးရုံသို့ပို့ဆောင်ကုသပေးလျက်ရှိသည်။

ကယ်ဆယ်ရေး

အခင်းဖြစ်ပွားရာ နေရာသို့ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နယ်မြေခံ တပ်ရင်းမှူးနှင့် တပ်မတော်သားများ၊ ကလောမြို့နယ်မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

၂၀၀၇ခုနှစ် မတ်၂၇ရက် ည ၁၀နာရီ ၄၅မိနစ်အချိန်ခန့်က လည်း ရန်ကုန်မှ မန္တလေးသို့ ပြေးဆွဲသော ဂန္ဓဝင်ခရီးသည်တင်အမြန်ယာဉ်လိုင်းမှ ယာဉ်မောင်း ဦးသန်းဝင်း မောင်းနှင်သည့် ယာဉ်အမှတ် ၃ခ/၆၅၄၄သည် ပဲခူးမြို့နယ် တပ်ကလေးကျေးရွာအနီးသို့ရောက်ရှိစဉ် လမ်းဘေး၌ ရပ်ထားသည့် ထော်လာဂျီယာဉ်အား ဝင်တိုက်မိပြီး တောင်ဂူဘက်မှမောင်းနှင်လာသည့် တီအီးခြောက်ဘီးယာဉ် ယာဉ်အမှတ် ထ/၄၅၇၆နှင့် မျက်နှာချင်းဆိုင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ပို့ဆောင်ကုသ

အဆိုပါယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသည့် အမျိုးသားခုနစ်ဦး၊ ကလေးတစ်ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၀ဦးသေဆုံးပြီး ခရီးသည်၂၅ဦးဒဏ်ရာရရှိသွားသဖြင့် ပဲခူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိသည်။

အခင်းဖြစ်ပွားရာ နေရာသို့ နယ်မြေခံ တပ်မတော်သားများ၊ ပဲခူးမြို့နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးလောင်မှုသတင်း

ရန်ကုန် မတ် ၂၈

မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ကြာညှပ်ကျေးရွာအုပ်စု ဇင်းချောင်းကျေးရွာ၌ မတ် ၂၆ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး၊ နွားစာသိုလှောင်တဲတစ်လုံးနှင့် နွားတစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း။

တောင်တွင်းကြီး

မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ရေဝေကျေးရွာအုပ်စု ဆုံကုန်းကျေးရွာ၌ မတ် ၂၇ရက်တွင် မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၅၁လုံး၊ နွားနှစ်ကောင်နှင့် ဝက်နှစ်ကောင် မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးဒုက္ခသည်များအား ကျေးရွာအခြေခံပညာမူလတန်းကျောင်းနှင့်ဘုန်းကြီးကျောင်းတို့တွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော်အထူးတရားပွဲ

ရန်ကုန် မတ် ၂၈

တောင်ဥက္ကလာပမြို့နယ်(၁၃) ရပ်ကွက်လုံးဆိုင်ရာ (၄၆)ကြိမ်မြောက် နှစ်ကိုပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယ ပွဲတော်၏ ရာစု ၁၈ မိသားစု ဒေဝဒဟလမ်းမှ ကြီးမှူး၍ မတ် ၂၉ရက် (ကြာသပတေးနေ့) ည ၇နာရီမှစ၍ အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ) ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် မတ် ၂၈

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် နတ်မော်ရွာ အခြေခံပညာ အထက်တန်းကျောင်း ကျောင်း(ခွဲ)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမကြီးများအား ဧပြီ၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ယင်းကျောင်းရှိခန်းမ၌ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

မိတ္ထီလာမြို့နယ်၌ မီးလောင်

ရန်ကုန် မတ် ၂၈

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ဝါးရုံတောကျေးရွာအုပ်စု အိုင်ကြီးလည်ကျေးရွာ၌ မတ် ၂၅ရက် နံနက်ပိုင်းက ဖယောင်းတိုင် မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရာ အိမ်၁၀လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အိမ်ထောင်စု ခုနစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေစွမ်းပကားဖြင့် အမျိုးသားရေး အကျိုးစီးပွားဖော်ဆောင်

"လောကကောင်းဆိုး၊ ကံသုံးမျိုး၏
ကျိုးပြစ်ချိန်လျှာ၊ အမြင်ပါ၍
မေတ္တာဓမ္မ၊ အမြင်ပြ၍
ဘဝခြေခံ၊ စိတ်ကူးဉာဏ်ဖြင့်
ဖန်တီးပါမှ၊ စာအလှ။ ။"

(ဆရာဇော်ဂျီ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းများ ခေတ်နှင့်လျော်ညီစွာ ဆက်လက်ဝေဆာ ဖွံ့ဖြိုးရှင်သန်စေရေးအတွက် စာပေစွမ်းအားဖြင့် စည်းရုံးရှေ့ဆောင် သွားကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေရအောင် ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီး အစီအစဉ်ရှိရှိ၊ ရည်ရွယ်ချက်ရှိရှိဖြင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြသည့်အတွက် မိမိပြည်တွင်း၌ရော နိုင်ငံတကာ၌ပါ လုပ်ကြံစွပ်စွဲမှုအမျိုးမျိုး၊ လုပ်ဇာတ်ခင်း ဇာတ်လမ်းအမျိုးမျိုးကို အမှန်တရားအတိုင်း သိမြင်စေရအောင်၊ မြန်မာနိုင်ငံအပေါ် အသိအမြင် ရှင်းလင်းစေရအောင် အမျိုးသားရေးရှုထောင့်က တုံ့ပြန်ရေးသားသည့် အမျိုးသားစာပေများကို အင်နှင့်အားနှင့် ရေးသား ပြုစုကြရန် အချိန်တန်နေပြီ ဖြစ်ပါသည်။

စာဖတ်သူပြည်သူများ အတွေးအခေါ် အသိအမြင် ရင့်ကျက်တည်ငြိမ် ခိုင်မာပြည့်ဝစေရေး၊ ပညာဉာဏ်ဗဟုသုတ ပြည့်စုံကြွယ်ဝစေရေး၊ နိုင်ငံတကာ ဖြစ်စဉ်ဖြစ်ရပ်များအပေါ် အမျိုးသားရေးအမြင်၊ အမျိုးသားရေးရှုထောင့်က ရှုမြင်သုံးသပ် ကျင့်ကြံအားထုတ်နိုင်ရေးတို့အတွက် နိုင်ငံတော်က မြန်မာစာပေလောကကို ထူးခြားလေးနက်စွာ အားပေးလျက်ရှိသည်။ မျက်မှောက်ခေတ် မြန်မာစာပေနယ်၏ အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းမှုများကိုကြည့်လျှင် ၂၀၀၀ ပြည့်နှစ်က ပုံနှိပ်စာအုပ်အမျိုးပေါင်း ၃၅၀၀ ခန့်သာ ထွက်ရှိခဲ့ရာ ယခုအခါတွင် လစဉ်ထုတ်မဂ္ဂဇင်း ၁၄၀ ကျော်နှင့် အပတ်စဉ်ဂျာနယ် ၁၅၀ ကျော်တို့ကို ထုတ်ဝေလျက်ရှိနေပြီ ဖြစ်သည့်အပြင် တစ်နှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်အမျိုးပေါင်း တစ်သောင်းကျော် အထိ ရှိနေပေသည်။ အရေအတွက်အရ တိုးပွားလာသကဲ့သို့ စာပေ အရည်အသွေးပါ အစဉ်အလာမပျက် တိုးတက်လာခဲ့သည့်အတွက် စာပေ တန်ဖိုး မြင့်မားသည့် စာအုပ်များလည်း ပေါ်ထွန်းလျက်ရှိပါသည်။

အမျိုးသားစာပေ တစ်သက်တာဆုကို ၂၀၀၁ခုနှစ်ကစပြီး ထိုက်ထိုက် တန်တန် ရွေးချယ်ချီးမြှင့်လာခဲ့သည်မှာ ယခုဆိုလျှင် သက်တမ်းအားဖြင့် ငါးနှစ်တာကာလရှိခဲ့ပြီ ဖြစ်ပါသည်။ စာပေဗိမာန် စာမူဆုများအနေဖြင့် နိုင်ငံအတွက် လိုအပ်သည့် ပြုစုစာတင်ထိုက်သည့် အကြောင်းအရာများကို ဘာသာရပ်(၁၂)မျိုး ခွဲခြားရေးသား ယှဉ်ပြိုင်စေပြီး ရွေးချယ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။ စာပေကလောင်ရှင်သစ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရာရောက်သကဲ့သို့ စာအုပ်စာတမ်းများအဖြစ် မှတ်တမ်းတင် ထိန်းသိမ်းထားထိုက်သည့် မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ဓလေ့ အကြောင်း အရာများနှင့်အတူ ခေတ်မီဆန်းသစ်သော အတွေးအမြင် ဗဟုသုတနှင့် ခေတ်မီနည်းပညာရပ်များ ပေါ်ထွန်းရေးအတွက်ပါ အထောက်အကူ များစွာရရှိပါသည်။

တည်တံ့ခိုင်မြဲသည့် စာပေလက်ရာများ ဖြစ်လာစေရန် ဆိုရာတွင် ရသစာပေကို ရေးသားသည်ဖြစ်စေ၊ သုတစာပေကို ရေးသားသည်ဖြစ်စေ ရည်ရွယ်ချက်နှင့် စေတနာက အကြောင်းအရင်းခံဖြစ်ပါသည်။ စာပေသည် ပြည်သူကို အလင်းပြရင်း အကျိုးပြုနိုင်မှသာ အမျိုးသားရေးတွင် တာဝန် ကျေရာရောက်မည် ဖြစ်ပါသည်။

နိုင်ငံသမိုင်းတွင် မှတ်တမ်းတင်ခံနိုင်ပြီး မော်ကွန်းတင်ခံထိုက်သည့် စာပေများသည် အမျိုးသားရေးအကျိုးပြု စာပေများပင် ဖြစ်ပါသည်။ အမျိုးသားရေးကို ရေးရှုသည့်စာပေသည် ပြည်သူတို့ကို မှန်ကန်သည့် အတွေးအမြင် ဗဟုသုတများ ပေးနိုင်သကဲ့သို့ အချင်းချင်း ရိုင်းပင်း ညီညွတ်စေသည့် အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နှင့် မြန်မာတို့၏ ထူးခြားကောင်းမြတ်သည့် စရိုက် လက္ခဏာ အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ် များ တိုးပွားစေသည့်အပြင် အသိဉာဏ်ပညာစွမ်းအား ဂုဏ်သတ္တိများကို လည်း စေ့ဆော်ပေးနိုင်စွမ်း ရှိရမည်ဖြစ်ပါသည်။

၂၀၀၅ခုနှစ်အတွက် အမျိုးသားရေးစာပေ တစ်သက်တာဆု၊ အမျိုးသား စာပေဆု၊ စာပေဗိမာန်စာမူဆုနှင့် (၁၇)ကြိမ်မြောက် အမျိုးသားရေး ဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ဆုနှင်းသဘင် အခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်နေ့က နေပြည်တော် မြို့တော်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အောက်ပါအတိုင်း အမှာစကားပြောကြားခဲ့ပါသည်-

"ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအပေါ် ဩဇာလွှမ်းမိုး စွက်ဖက် ခြယ်လှယ်လိုသည့် အနောက်နိုင်ငံကြီးတချို့သည် အသာစီးရရှိနေသည့် ဆက်သွယ်ရေးနည်းပညာစွမ်းအား၊ မီဒီယာအင်အားတို့ကို တလွဲအသုံးပြုပြီး မြန်မာပြည်သူများအပေါ် ၎င်းတို့၏ ယဉ်ကျေးမှု ဓလေ့စရိုက် အယူအဆများ၊ လူမှုရေးနှုန်းစံများကို စီးပွားရေးနယ်ပယ်၊ ယဉ်ကျေးမှု နယ်ပယ်၊ ရုပ်ရှင်ဂီတ အနုပညာနယ်ပယ် အသီးသီးက တစ်ဆင့် သွတ်သွင်းလွှမ်းမိုးရန် ကြိုးစားလုပ်ဆောင်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံအတွင်းက အဖျက်အမှောင့်သမားများ၊ နယ်စပ်ဒေသတွင်ရှိသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံခြားတိုင်းပြည် အသီးသီး၌ လှည့်လည်ကျက်စားနေသည့် ပြည်ပြေးများကို အသုံးချပြီး အနောက်မီဒီယာများကတစ်ဆင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံအပေါ် လွဲမှားသည့်ပုံရိပ်ဆိုးများ ဖြစ်ပေါ်စေရအောင် လုပ်ကြံသတင်းများ၊ မမှန်မကန် ဖန်တီးထားသည့် ဇာတ်လမ်းများ၊ လုပ်ဇာတ်ခင်း စွပ်စွဲချက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ချိလျက်ရှိကြောင်း။

ယင်းသို့ အခြေအနေ အချိန်အခါမျိုးတွင် မိမိတို့ကလည်း အမျိုးသားစာပေ၏ ထက်မြက်သည့် စွမ်းပကားကို အကျိုးရှိထိုက်တန်စွာအသုံးချပြီး မိမိတို့ပြည်သူများ အသိအမြင် ဗဟုသုတ ကြွယ်ဝအောင် မှန်မှား ဆိုးကောင်း ပိုင်းခြားသိမြင်နိုင်အောင် အထူးသဖြင့် အမျိုးသားရေး အသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်စေရအောင် စည်းရုံးစေ့ဆော်ပေးကြရန် လိုကြောင်း။

မိုးထက်မြင့် (မြစ်ဝကျွန်းပေါ်)

ကမ္ဘာ့နိုင်ငံအများအပြား အရှိန်အဟုန်ဖြင့် ဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် ယနေ့အချိန်အခါတွင် မိမိနိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး ဇာတိသွေး၊ ဇာတိမာန် ရှင်သန်ထက်မြက်အောင်၊ အမျိုးသားရေးစိတ်ဓာတ်၊ တိုင်းပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ထွန်းကားခိုင်မာအောင် စာပေစွမ်းပကားဖြင့် အမြဲမပြတ် စေ့ဆော် ဆော်ဩပေးနိုင်မှသာ မိမိတို့၏ အမျိုးသားရေး အကျိုးစီးပွားကို အခြေအနေ အချိန်အခါမရွေး ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ကြောင်း။"

ဟူ၍ အတွင်းရေးမှူး(၁)က မှာကြားခဲ့ပါသည်။

စာပေပညာရှင်များအနေဖြင့် စာအုပ်၊စာမူများ ရေးသားပြုစုကြရာတွင် သုတ၊ ရသခံစားမှုနှင့်တကွ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးဂုဏ်သတ္တိစွမ်းအားတို့ကို ဖြစ်ပေါ်စေပြီး လောကီ၊ လောကုတ္တရာ နီတိကျင့်ဝတ်များနှင့်ပါ အညီအညွတ်ဖြစ်စေရန် ကြိုးစားအားထုတ်ကြရမည်ဖြစ်ပါသည်။ ရေးသားပြုစုသူတို့က စိတ်စေတနာကောင်းဖြင့် မျှဝေပေးနိုင်သည်နှင့်အမျှ စာဖတ်သူတို့တွင်လည်း စာပေကပေးသည့် ယဉ်ကျေးမှုအမွေ၊ ပညာဗဟုသုတ အမွေတို့ကို အကျိုးရှိ ထိုက်တန်စွာ ရယူအသုံးချတတ်ရမည်ဖြစ်ပါသည်။

မြန်မာဟု စတင်ထင်ရှားခဲ့သည့် အချိန်မှစပြီး နိုင်ငံနှင့် လူမျိုးနှင့်ချီပြီး ကောင်းမြတ်သည့် အမွေများကို ဆက်ခံရရှိထားပြီးလည်း ဖြစ်ပါသည်။ မျက်မှောက်ခေတ်တိုင်အောင် မပျောက်ပျက် မတိမ်ကောအောင် မြန်မာတို့ ခေတ်အဆက်ဆက် ထိန်းသိမ်းလာခဲ့သည့် အမျိုးသားရေးအမွေအနှစ် များထဲတွင် စာပေသည် အလွန်တန်ဖိုးကြီးမားသည့် ဘိုးဘွားအမွေအနှစ် တစ်ခု ဖြစ်ပါသည်။

မြန်မာ့သမိုင်း၏ အမျိုးသားရေး အမွေခံကောင်းများကို ဆက်ခံခွင့်ရခဲ့သည့် စာရေးသူတို့သည် အမွေခံထိုက်သူများဖြစ်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ကြွယ်ဝလှသည့် စာပေအမွေအနှစ်၊ အမျိုးသားရေး အမွေအနှစ်များ ထာဝရခိုင်မြဲအောင်၊ ပွားများအောင် ကြံဆောင်ရင်း မျိုးဆက်သစ်များထံ မပျက်မယွင်း လက်ဆင့်ကမ်းနိုင်ရန် ကြိုးစားကြရမည် ဖြစ်ပါသည်။ စာပေရေးသားဖန်တီးသူ ကလောင်ရှင်များအဖို့ ဤတာဝန်သည် သမိုင်းပေးတာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

အမျိုးသားစာပေကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြမှသာ စိတ်ဓာတ်၏ အစာဖြစ်သည့် စာပေအနုပညာလက်ရာများကို စာဖတ်သူတို့ ပြည့်ပြည့်ဝဝ ခံစားရပြီး မှန်ကန်သည့် အသိတရားများကို ရယူနိုင်ကြမည် ဖြစ်ပါသည်။ မျိုးဆက်သစ် တစ်ခေတ်ထွန်းကားလာမည့် စာရေးဆရာ၊ ကဗျာဆရာ၊ စာနယ်ဇင်းဆရာတို့အတွက်လည်း စံနမူနာယူနိုင်သည့် လက်ရာများအဖြစ် ကျန်ရစ်မည် ဖြစ်ပါသည်။

သမိုင်းအစဉ်အဆက် ပေါ်ထွန်းခဲ့သည့် ပျို့၊ ကဗျာ၊ လင်္ကာ၊ ကျမ်းဂန်များကြောင့် မြန်မာတို့တွင် ကိုယ်နှုတ်နှလုံး ယဉ်ကျေးခြင်း၊ စိတ်ထားဖြူစင်ဖြောင့်မတ်ခြင်း၊ စိတ်ဓာတ်ရဲရင့်တည်ကြည်ခြင်း၊ အမျိုးဂုဏ် ဇာတိဂုဏ် ရှင်သန်စွာ အမျိုးသားရေးအမြင် ကြည်လင်ပြတ်သားစွာ စွမ်းဆောင်နိုင်ခြင်းဆိုသည့် အကျိုးတရားများကို ရရှိစေခဲ့ပါသည်။ ဤအမွေခံရိုးရာ အရည်အသွေးကောင်းများကို ထိန်းသိမ်းဆက်ခံလျက် အမျိုးသားရေး အကျိုးစီးပွားကို ဖော်ဆောင်ရေးတွင် မြန်မာစာပေ၏ အနှစ်သာရစွမ်းအားကို အမျိုးသားရေး လက်နက်ကောင်းသဖွယ် တွင်ကျယ်ထိရောက်စွာ အသုံးပြုနိုင်ရန် ဆက်လက်ပြီး အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ယနေ့အချိန်အခါသည် ကမ္ဘာကြီး၌ ဖြစ်ပေါ်နေသည့် ဆက်စပ်ယှက်နွယ်ပြောင်းလဲမှုများနှင့်အတူ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် တိုင်းတစ်ပါး ယဉ်ကျေးမှု ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာနေမှုကို ရင်ဆိုင်ဆန့်ကျင်ကြရမည့်အချိန် ဖြစ်ပါသည်။

ထို့ကြောင့် စာပေနယ်ပယ်သည် စာရေးသူတို့အတွက်သာမက အခြားသော ယဉ်ကျေးမှုနယ်ပယ်များအတွက်ပါ အမျိုးသားယဉ်ကျေးမှု တာမကျိုးမပေါက်စေရအောင် ဦးစီးဦးဆောင်ပြု စောင့်ရှောက်ကာကွယ်ရမည့် အမျိုးသားရေး ခံကတုတ်တစ်ခုဖြစ်စေရန် ကြိုးစားကြရမည် ဖြစ်ပါသည်။

မိမိနိုင်ငံ၊ မိမိလူမျိုး နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရာတွင် နိုင်ငံတော်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးတို့နှင့် ယှဉ်တွဲပြီး အမျိုးသားပညာရည်မြင့်မားမှု၊ အမျိုးသားယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခိုင်မာမှုနှင့် နိုင်ငံသူနိုင်ငံသား အားလုံး၏ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်ခိုင်မာမှု ဂုဏ်ရည်တို့ကိုပါ ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် အားထုတ်ကြိုးပမ်းရမည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် ရုပ်ပိုင်းသဘာဝ ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ပြည်သူများ၏ စိတ်ပိုင်းဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း စာပေ၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု၊ ယဉ်ကျေးမှု အနုပညာရပ် အသီးသီး စည်ပင်ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးဆောင်ရွက်လျက် ရှိနေပါသည်။

အထူးသဖြင့် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ် ဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထင်ဟပ်ဖော်ပြနေသည့် ဂုဏ်ဒြပ်တစ်ခုလည်းဖြစ်သည့် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုးတိုးတက် မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက အဘက်ဘက်က အားပေး ချီးမြှောက် စောင့်ရှောက်လျက် ရှိပါသည်။

စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက အားပေးစောင့်ရှောက်လျက်ရှိရာတွင် စာကောင်း ပေမွန်များကို အစဉ်တစိုက် ရေးသားဖွဲ့ဆို ဖန်တီးစီခြယ်ပေးကြသည့် စာပေပညာရှင်များနှင့်တကွ စာပေလက်ရာမွန်များကို ရွေးချယ်ဖော်ထုတ် ဂုဏ်ပြုချီးမြှောက်သည့် စာပေဆုနှင်းသဘင်ပွဲများကို မြန်မာစာပေအားပေးမြှင့်တင်မှု နည်းလမ်း ကောင်းတစ်ရပ်၊ အစဉ်အလာကောင်း တစ်ရပ်အဖြစ် ထိုက်ထိုက်တန်တန် စီမံကျင်းပနေခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသားစာပေ ရှင်သန်ဖွံ့ဖြိုး တည်တံ့ပွားများစေရအောင် ထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်ကြရပါမည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ ဖော်ဆောင်နိုင်ရန် အတွက် ပြည်သူများ အသိအမြင် နိုးကြားထက်သန်စေရအောင် စာပေ စွမ်းအားဖြင့် စည်းရုံးစေ့ဆော်ပေးကြရမည် ဖြစ်ပါသည်။ **စာပေကို သွက်လက်ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။** တိုင်းတစ်ပါးယဉ်ကျေးမှု ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာမှုကို တားဆီးတွန်းလှန်ပေးမည့် အမျိုးသားရေး ခံကတုတ်အဖြစ်ဖြင့် စာပေစွမ်းအားကို အခိုင်အမာတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ ပြည်သူတို့၏ ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးတွင် ပြည်သူတို့နှင့်အတူ စာပေလောကသားများက ညီညာဖြဖြ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

စာပေကို သွက်လက်ထက်မြက်သည့် မီဒီယာလက်နက်အဖြစ် ထိရောက်အကျိုးရှိစွာ အသုံးပြုပြီး အမျိုးသားရေး အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရမည်။

သာယာအေးစေတီကို ဘုံအဆင့်လိုက် ရွှေထီးတော်တင်လှူ

မော်လမြိုင်ကျွန်း မတ် ၂၆

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် ခနုံးဆိပ်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် မတည်အလှူရှင် တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ(မော်ကျွန်းဆရာတော်) နှင့် ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းလှူဒါန်းငွေကျပ် သိန်း၉၀ကျော်ဖြင့် တည်ထားကိုးကွယ်သော သာယာအေး စေတီတော်ရွှေထီးတော် တင်လှူပူဇော်ပွဲကို မတ် ၂၃ ရက် နံနက် ၉ နာရီက သာယာကုန်းကျေးရွာ၌ ကျင်းပသည်။

ကြည်ညိုပူဇော်

ယင်းရွှေထီးတော်တင်လှူပူဇော်ပွဲသို့ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (မော်ကျွန်းဆရာတော်) ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသနှင့် နာယကဆရာတော်များ ကြွရောက်တော်မူပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အတွင်းရေးမှူး ဦးရဲနိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအမှုဆောင် ဦးချစ်သိန်းနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကျင်းပရေးကော်မတီဝင်များ၊ ခနုံးဆိပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမိုးဇော်နှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက် ကြည်ညိုပူဇော်ကြသည်။

ရွှေထီးတော်တင်လှူ

ထို့နောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက (မော်ကျွန်းဆရာတော်)က ကြီးမှူးဦးဆောင်၍ သာယာအေး စေတီတော်ကို ဘုံအဆင့်လိုက် ရွှေထီးတော် တင်လှူပူဇော်ကြသည်။ **(အပေါ်ပုံ) (၁၉၇)**

မန္တလေးတိုင်း/ မိခင်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အလှူငွေနှင့် ဆန်အိတ်များလှူဒါန်း

မန္တလေး မတ် ၂၅

မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးသို့ အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ်၂၀ရက် နံနက် ၁၁နာရီက အဆိုပါဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်ဆွေဝင်းနှင့် အထူးကုဆရာဝန်ကြီးများ၊ သူနာပြု ဆရာမများ၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ နှင့် အသင်းဝင်များ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာခင်ဆွေဝင်းက ဆေးရုံ၏ လက်ရှိဆောင်ရွက်ထားမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ဆက်လက်၍ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ လိုအပ်သောခွဲစိတ်ကုသမှုများ ပြုလုပ်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ဆန်အိတ်များပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်ဆွေဝင်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ကွန်ဟိန်းမြို့နယ် မြို့မကျေးရွာ၌ အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးနှံ

ကွန်ဟိန်း မတ် ၂၂

ကွန်ဟိန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မတ်၁၇ရက် နံနက် ၈နာရီက မြို့မကျေးရွာတွင် အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ၎င်းပိုစတာစိုက်ထူပွဲကို ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံ တပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းဆွေနှင့်အဖွဲ့၊ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးခင်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ အဆိုပါကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်သူနာပြု ဆရာမကြီးဒေါ်နန်းကြာရွှေနှင့်အဖွဲ့က ကျေးရွာရှိ အသက် ကိုးလမှ ငါးနှစ်ကလေးငယ်များအား ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အာဟာရတိုက်ကျွေးခြင်းများကို ဆောင်ရွက်ရာ တပ်နယ်မှူးနှင့်အဖွဲ့က ကြည့်ရှုအားပေးပြီး အဆိုပါကျေးရွာရှိ စုရပ်၌ ဝက်သက်ကာကွယ်ဆေးထိုးနှံခြင်း လှုံ့ဆော် အသိပေး ပိုစတာကို တပျော်တပါးစိုက်ထူခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ရွှေတောင်၌ လက်တွေ့သရုပ်ပြ

ရွှေတောင် မတ် ၂၂

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)အဆင့် နွားမယံကျေးရွာ ပြည်မြို့၏ မီးဘေး အန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့် သရုပ်ပြပွဲကို ဖေဖော်ဝါရီ ၁၇ရက် နံနက်က အဆိုပါဌာနခွဲ၌ ကျင်းပသည်။

အခမ်းအနားသို့ ဌာနခွဲမန်နေဂျာ ဦးနိုင်ဝင်းထွန်းနှင့် ဝန်ထမ်းများ၊ ရွှေတောင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမိုးကျော်နှင့် တပ်ဖွဲ့ဝင်များ၊ နွားမယံကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနခွဲဝန်ထမ်းများက မီးငြိမ်းသတ်ခြင်းကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြကြသည်။ **(ယာပုံ)**

ထို့နောက်မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စုပေါင်းဆောင်ရွက်

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပယ်ဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မတ် ၂ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦး ကြီးကြပ်၍ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် ဈေးဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်များ စုပေါင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စွယ်တော်လမ်း ကတ္တရာလမ်းသစ်ခင်း

တမူး မတ် ၁၆

တမူးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော စွယ်တော်လမ်းကတ္တရာလမ်းသစ် ခင်းခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်တို့ မတ်၉ရက်က ကွင်းဆင်းစစ်ဆေးခဲ့ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်အောင်က ကတ္တရာလမ်းသစ်ခင်းကျင်းခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ **(နယ်စပ်/စည်ပင်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလဆန်း ၁၃ ရက်
၃၀-၃-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁း၃၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၂း၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ဖြိုးမွှေးပင်)
၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (ပွဲစား)

ညနေပိုင်း

၁၆း၁၀ ရာသီခါမီတေးပန်းချီ
(၁) နွေကိုချစ်ရင်ပြန်လာပါ (ညိုညိုရိမ်)
(၂) ရေလိုအေးတဲ့နွေလေးတစ်နွေ (စန္ဒရားချစ်ဆွေ)
(၃) ဥဩတမန် (ခင်ညိုမြင့်)
၁၇း၃၀ အဘိုးအဘွားအလေးထား (တောင်ငူမြို့မှ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီရွှေနှင်းဆီ ဒေါ်အုန်းခင်နှင့် ဆွေးနွေးခန်း)
၁၇း၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ချစ်မေမေ)
၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အိပ်ခြင်း နိုးခြင်းသံသရာ- မောင်ဆုရှင်)
၁၉း၁၅ ကာလပေါ်တူရိယာအဖွဲ့ (တေးပဏ္ဍာကာလပေါ်အဖွဲ့)
၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ညဆိုတာလွမ်းစရာလေးနော် (ခင်ညွှန့်ရီ)
(၂) ခွင့်မပန်ဘဲ သွားပါနဲ့ကွယ် (တင်ဦးလေး)
(၃) သစ္စာရှားတဲ့ လူစား (ဒလ-ခင်ထွေးရီ)

ကြက်ဆူပင် ပျိုးထောင်

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ဖေဖော်ဝါရီ ၆ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချိပ်ပိတ်တင်ဒါ ခေါ်ယူခြင်း

၁။ အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း ရန်ကင်းအထည်ချုပ် စက်ရုံအမှတ်(၂၇)အတွက် အောက်ပါ အပ်ချုပ်စက်များကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

SINGLE NEEDLE LOCK STITCH SEWING MACHINE-18 Nos.

၂။ ချိပ်ပိတ်တင်ဒါပေးသွင်းမှုကို ရန်ကင်းအထည်ချုပ်စက်ရုံအမှတ်(၂၇) စီမံရေးဌာနသို့ ၆–၄–၂၀၀၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးပေးသွင်းရမည် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စီမံရေးဌာန၊ ရန်ကင်းအထည်ချုပ်စက်ရုံအမှတ်(၂၇)
ဖုန်း– ၀၁–၅၄၄၁၂၁၊ ၅၅၄၁၇၇။

ရိုးမဘဏ်လီမိတက်နှင့် အများသိစေရန်ကြေညာချက်

စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့စခန်းဝင်းရှိ အမှတ်–၂၄၊ လောကနတ်တာယာဆိုင်ပိုင်ရှင် ဦးထွန်းဝင်း ၁၂/ရကန(နိုင်)၀၁၅၁၇၈၏ ညွှန်ကြားချက်အရ အများသိစေရန်အတွက် ကြေညာအပ်သည်မှာ–

၁၀–၂–၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ပါ အနောက်ပိုင်းခရိုင်တရားမရုံး၏ ကြော်ငြာချက် တရားမကြီးမှုအမှတ်– ၃၇၂/၀၆ပါ တရားပြိုင် ဦးသူရထွန်း၏ လိပ်စာကို အထက်ဖော်ပြပါ လောကနတ်တာယာဆိုင်လိပ်စာဖြင့် ထည့်သွင်းဖော်ပြကြေညာထားရာ ဦးသူရထွန်းသည် ၂၀၀၄ ခုနှစ်ကတည်းက လောကနတ်တာယာဆိုင်နှင့် သက်ဆိုင်ခြင်းမရှိတော့ဘဲ ဦးသူရထွန်း၏ ပြုမူဆောင်ရွက်မှုကိစ္စအဝဝသည် လောကနတ်တာယာဆိုင်နှင့် ၂၀၀၄ ခုနှစ်မှစ၍ ဆက်နွယ်သက်ဆိုင်ခြင်း မရှိပါကြောင်း ရိုးမဘဏ်လီမိတက်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဝင်းမြင့် (H.G.P.,LL.B)
တရားရုံးချုပ်ရှေ့နေ(၃၈၄၉)
အမှတ်–၄၈(မြေညီထပ်)၊ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်– ၂၇၇(အမ်)

မန်နေဂျာ **နှင့်** ဒေါ်ညိုညို
မြန်မာ့စီးပွားရေးဘဏ်
မိတ္ထီလာမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၈၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် ဧပြီလ ၉ ရက် (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ် တန်ခူးလပြည့်ကျော် ၈ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ထနောင်းကန်ရပ် အကွက်အမှတ်(၆၅/ထနောင်းကန်) ဦးပိုင်(၇၂/က) မြေဧရိယာ ၀ ဒသမ ၂၂ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ မီးဖိုချောင်၊ ရက်ကန်းစက်ရုံ၊ စက်ပစ္စည်းများအားလုံး။

ကြမ်းခင်းဈေး ကျပ်သိန်း ၅၀
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

အမြန်ရောင်း/ဝယ်/ငှား

တန်ဖိုးရှိသော ပစ္စည်းစုံ ကလောတွင် ခြံကျယ် နှစ်ထပ်တိုက်ရောင်းမည်။ အိမ်စီးကား အငှားလိုချင်သည်။

ဖုန်း–၀၉–၅၁–၄၁၅၁၁။

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်–ပမ/၁၁၇၈၅ Hensim Wave 125ယာဉ်လက်ဝယ်ရှိသူ ဦးဆွေလင်း ၇/အဖန (နိုင်)၀၁၄၁၁၂က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (သာယာဝတီ)။**

K.I.S ကားငှားလုပ်ငန်း

ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
ဖုန်း–၂၉၃၂၉၄၊ ၀၉–၅၀၀–၂၄၄၀၊ ၀၉–၅၁–၃၄၇၇၈။

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဒေါ်မအေးညို ၁၂/စခန(နိုင်)၀၃၁၈၃၅ သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ကျူးလွန်သွားပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များသည် ကျွန်တော်နှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း။

ဦးဘခင် ၁၂/စခန(နိုင်)၀၃၁၈၃၃
အမှတ်(၇) ဂန္ဓမာလမ်း၊မုန့်တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်။

ခရစ်တော်၌ အိပ်ပျော်ခြင်း
နော်ယဉ်အေးစိုး(ခ)မီးငယ်

B.Sc (Botany), B.C.Sc

ကွန်ပျူတာ
အသက်(၂၆)နှစ်

သံဖြူဇရပ်မြို့ ကျောင်းပိုင်းရပ်ကွက်၊ မ–၂၁နေ ဦးဝင်းနိုင်–ဒေါ်မိမိတင် (ဝင်းမိသားစု သစ်စက်/ဆိုင်) တို့၏ သမီး၊ သထုံမြို့နေ ကိုဘိုဘိုဝင်း–မခင်မာလာ (သီတာညွန့်သစ်ဆိုင်)၊ သံဖြူဇရပ်မြို့နေ ကိုကျော်နိုင်ဝင်း(ကိုငယ်)–မခင်မြတ်မြတ်မိုးတို့၏ ညီမလေး၊ ကေသွယ်ဝင်း၊ သီတာဖိုလ်ဝင်း၊ မဖူးဖူး၊ ထူးမြတ်ကျော်တို့၏ အဒေါ်သည် ၂၅–၃–၂၀၀၇ ရက်တွင် ရန်ကုန်မြို့ ကွယ်ကပေါ အထူးကုဆေးခန်းတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၆–၃–၂၀၀၇ ရက်တွင် ရေဝေးခရစ်ယာန် သုသာန်သို့ ပို့ဆောင် ဂူသွင်းပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

မယဉ်အေးစိုး၏ ဈာပနအခမ်းအနားတွင် အကူအညီပေးခဲ့ကြသော နံ့သာကုန်း ကရင်နှစ်ချင်းအသင်းတော်၊ မွန်နှစ်ချင်းအသင်းတော်၊ ကွယ်ကပေါအထူးကုဆေးခန်းမှ ဆရာဝန်၊ ဆရာမများ၊ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော အနယ်နယ်အရပ်ရပ်မှ မိတ်ဆွေအပေါင်းအဖော်များအား ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု။**

Good Day ရေသန့်စက်ရုံ မိသားစု။

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ ပတ်ဝန်းကျင်သန့်ရှင်းရေး စဉ်ဆက်မပြတ်ဆောင်ရွက်

တောင်ကြီး မတ် ၂၂

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ကျင်းပသည့် ဒသမနှစ် အမျိုးသားပတ်ဝန်းကျင် လှုပ်ရှားမှုနှင့်အတူ စဉ်ဆက်မပြတ် လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် တောင်ကြီးမြို့တွင်း သန့်ရှင်းရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေမြောင်းများသန့်ရှင်းနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

ပညာပေး

ထို့အတူပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဦးဆောင်၍ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များလိုက်ပါ၍ မတ် ၁၃ ရက် နံနက် ၉နာရီက ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန်းပန်ကျေးရွာသို့ ရောက်ရှိစဉ်နန်းပန်ကျေးရွာ ဈေးနေ့ဖြစ်၍ ဈေးအတွင်းစားသောက်ဆိုင်များအားလှည့်လည်ကြည့်ရှု၍ အစားအစာသန့်ရှင်းရေးနှင့် ပတ်သက်၍ လက်တွေ့ ပညာပေး ဆောင်ရွက်ကြသည်။ ထို့နောက် ကျေးရွာအတွင်း နေအိမ်အချို့၏ ရေကောင်းရေသန့် သုံးစွဲရေး၊ အိမ်သာနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအခြေအနေကို လိုက်လံကြည့်ရှု ပညာပေးဆွေးနွေးကြသည်။

ဆက်လက်၍ နန်းပန်ကျေးရွာကုန်းပေါ်ရှိ ကျေးရွာဘောလုံးကွင်းအနီး သစ်ပင်အောက်ကွင်းပြင်တွင် ကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံ ဆွေးနွေးပွဲ ပြုလုပ်သည်။ ယင်းဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူ များ ပူးပေါင်းဆောင်ရွက်ကြရေးနှင့်ပတ်သက်၍ အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်ပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဝင်များသည် နန်းပန်ရေပေါ်ဈေးမှတစ်ဆင့် နန်းပန်ကျေးရွာရှိ အလိုတော်ပေါက်ဘုရား၊ နန်းဟူးကျေးရွာရှိ ဖောင်တော်ဦးဘုရားသို့ သွားရောက်ကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ ထို့နောက် ဖောင်တော်ဦးဘုရားရင်ပြင်အနီး ဘုရားဈေးတန်းအတွင်း လှည့်လည်ကြည့်ရှုကာ ကျန်းမာရေးစောင့်ရှောက်မှု ပညာပေးဆောင်ရွက်ကြသည်။

သန့်ရှင်းရေး

အဆိုပါ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကို ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ပေါ်ရပ်ကွက်များ၊ စာသင်ကျောင်းများနှင့် ကျေးရွာများ အရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ တောင်ကြီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် မတ် ၁၁ ရက် နံနက် ၉ နာရီက ထိသိမ်ရွှေကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျန်းမာရေး ပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်တက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက် အအုံများ ဆောက်လုပ်ရန်အတွက် အမှတ်(၅၈)၊ ၄လမ်း သီရိမြိုင် ၁၃ ရပ်ကွက် လှိုင်မြို့နယ် နေ ဒေါ်တင်အေး မိသားစုများ ဖြစ်ကြသော ဦးအေးသိန်း(ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းရွှေ–ဒေါ်ကျင်ဟန်၊ ဦးလှိုင်မြင့်–ဒေါ်ထားထား၊ ဦးမြင့်လွင်–ဒေါ်ခင်လှမြိုင် မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း(ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယ ဆရာတော် ဦးကုမာရ(ပညာဗေယျကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် သင်္ကြန်ခုနှစ်ရက် တရားစခန်း

ရန်ကုန် မတ် ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် တရားပြဌာနဓမ္မာရုံတော်ကြီးတွင်(၆၈)ကြိမ်မြောက် မဟာသင်္ကြန်ခုနစ်ရက် တရားစခန်းပွဲကိုအာဒိကမ္မိကကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန်(ဓမ္မာနုပဿနာ)တရားတော်များကို ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(နေဖြူ)နှင့်ဓမ္မကထိကများက ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ ခုနစ်ရက် တိုင်တိုင် ဟောကြားပြသပေးမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၀ ရက်ညနေ ၅ နာရီအရောက် ဦးအေးကို ဖုန်း–၀၁–၆၆၀၀၀၆၊ ဦးကျော်ဦး ဖုန်း–၀၁–၂၄၇၀၂၇၊ ဦးနိုင်အောင် ဖုန်း–၀၁–၆၆၂၈၅၀နှင့် ဦးအေးကြည် ဖုန်း–၀၉–၈၀၃၂၂၇၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းသစ်နှင့် ဇရပ်၊ မုခ်ဦးနှင့် အုတ်တံတိုင်း ရေစက်ချလှူဒါန်း

ပင်လုံ မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ပင်လုံမြို့မင်္ဂလာမွေတော်ကျောင်းသစ်ကြီး ရေစက်ချလှူဒါန်းပွဲကို မတ် ၁၂ရက် မွန်းတည့် ၁၂နာရီက အဆိုပါကျောင်းဆောင်၌ ကျင်းပခဲ့သည်။

ရေစက်ချ

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး မင်္ဂလာမွေတော်ကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ သောဘိတ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ မင်္ဂလာမွေတော်ကျောင်းသစ်ကြီး၊ ဇရပ်ကျောင်းဆောင်များ၊ မုခ်ဦး၊ အုတ်တံတိုင်း အလှူမင်္ဂလာ အနုမောဒနာ တရားတော်နာ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆောင်ရွက်

ပွဲတော်ကို မတ် ၁၀ရက်မှ ၁၂ ရက်အထိ ပင်လုံမြို့ မင်္ဂလာမွေတော်ကျောင်းတိုက်၌ ကျင်းပခဲ့သည်။ အဆိုပါကျောင်းကို အမြို့မြို့အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူဒါယကာ၊ဒါယိကာမများ စုပေါင်းငွေကျပ် ၆၇၉၇၀၁၀၀ ဖြင့် အကုန်အကျခံ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဒိုင်းပြကုန်း – ပန်းတိမ်ကုန်း ကျေးလက်လမ်းဖွင့်

လှိုင်းဘွဲ့ မတ် ၂၅

လှိုင်းဘွဲ့မြို့နယ် ပန်းတိမ်ကုန်းကျေးရွာတွင် စည်ပင်သာယာရေးနှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်သော ဒိုင်းပြကုန်း– ပန်းတိမ်ကုန်း ကျေးလက်မြေသားလမ်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က အဆိုပါမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘားအံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ လှိုင်းဘွဲ့မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်မင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)**

အဆိုပါ ဒိုင်းပြကုန်း–ပန်းတိမ်ကုန်းကျေးလက်မြေသားလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ထည့်ဝင်ငွေကျပ် ၁၈၆၆၂၀၀၊ ကျေးရွာပြည်သူများ ထည့်ဝင်ငွေကျပ် ၁၁၀၀၀၀၀ဖြင့် အရှည်ပေ ၅၂၈၀၊ အကျယ် ၂၁ပေ၊ အမြင့် နှစ်ပေကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နယ်စပ်ဒေသတစ်ခွင် တည်ငြိမ်အေးချမ်းမှု၏ အကျိုးရလဒ်အဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပန်ဆန်း(ခ)ပန်ခမ်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်း အလှပသာဒကို ရှုမငြီးဖွယ် ဤသို့တွေ့မြင်ရသည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

တိုင်းရင်းသားလူမျိုးများအားလုံး၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားလာရန် အရေးကြီး နယ်စပ်ဒေသများဖွံ့ဖြိုးရေး နိုင်ငံတော်က ငွေကြေးများစွာ အကုန်အကျခံဆောင်ရွက်ပေးနေ

ရှေ့ဖုံးမှ

အဆိုပါအစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဗဟိုကော်မတီဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဗဟိုကော်မတီအတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်ရဲမြင့်၊ ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ အထူးဖိတ်ကြားထားသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Qin Guangrong ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ***စာမျက်နှာ ၃ ကော်လံ ၃*** ■

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

29-3 (20) 1 3/29/07, 4:30 PM